# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၆၆)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ၃၀-၈-၂၀၂၅၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (မမ္ဗပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဂုတ်တွင်းတံတားနှင့် ဂုတ်ထိပ် မီးရထားလမ်းနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိ

နေပြည်တော် ဩဂုတ် ၂၉

TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် နောင်ချိုမြို့အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် တပ်မတော်က တန်ပြန်ထိုးစစ်များဖြင့် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် နောင်ချိုမြို့ တစ်မြို့လုံးအား တပ်မတော်က အပြီးတိုင် အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ တပ်မတော်အနေဖြင့် နောင်ချိုမြို့မှတစ်ဆင့် ကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသည့် ပြည်ထောင်စုလမ်းမကြီးဖြစ်သော မန္တလေး-လားရှိုး-မူဆယ် လမ်းမကြီးပေါ်ရှိ အဓိကလမ်းကြောင်းတစ်ခုဖြစ်သည့် နောင်ချို-ကျောက်မဲ လမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ နောင်ချိုမြို့မှ ဆုတ်ခွာပြီးနောက်ပိုင်း လမ်းကြောင်းတစ်လျှောက် ခုခံမည့် နေရာများအား နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

စာမျက်နှာ ၄ သို့ ★




တပ်မတော်စစ်ကြောင်းများက ဂုတ်တွင်းတံတားအား ယာယီဘေလီတံတားဖြင့် အဆင်ပြေစွာသွားလာနိုင်ရေး ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**မိုး/ ဓလ**

## ယနေ့ ဖတ်စရာ အညွှန်း


ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ — စာမျက်နှာ ၂

မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဘယ်ဘက်လက်ဖျံပြတ်တောက်သွားသော လက်အား ပြန်လည်ဆက်ပေးသည့်ခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက် — စာမျက်နှာ ၆

ဂါနာချီအား ခေါ်ယူရန် ချဲလ်ဆီးအသင်း အလုံးစုံသဘောတူညီမှုရရှိ — စာမျက်နှာ ၁၁

၂၀၂၅ ခုနှစ် ၊ ဩဂုတ် ၃၀ ရက်၊ စနေနေ့။

## တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ အားပေးဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရက တိုင်းရင်းဆေးသုတေသနများ ဆောင်ရွက်ရန် အားပေးနေချိန်တွင် အရှိန်အဟုန်မြှင့်၍ သုတေသနကျင့်ဝတ်နှင့်အညီ စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးထုတ်လုပ်သည့် လုပ်ငန်းများသည် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များတွင် ပါဝင်လျက်ရှိသဖြင့် စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရမည်ဖြစ်ပြီး တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များအနေဖြင့် ဆေးနံ့သာတုပ်ကွေး အဖျားပျောက်ဆေးကဲ့သို့ စနစ်ကျစွာထုတ်လုပ်ရန်လိုကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ရတနာပုံခန်းမ၌ ကျင်းပသည့် (၁၄) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။ စာတမ်းဖတ်ပွဲကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ပြီး သုတေသနစာတမ်းအစောင် ၂၀ နှင့် ပိုစတာငါးစောင်ကို ဖတ်ကြားပြသခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် လုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အညီ ရိုးရာအသိပညာကို ကာကွယ်ရေးအတွက် မူပိုင်ခွင့်ကိစ္စများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း။ စာတမ်းဖတ်ပွဲတွင် မန္တလေးလျှင်ကြီး ဘေးဒဏ်သင့်ဒေသများရှိ ကျေးရွာနေပြည်သူများအား ကွင်းဆင်းဆေးကုသခြင်း လေ့လာခြင်းနှင့်ပတ်သက်သည့် စာတမ်းများပါဝင်မည်ဖြစ်သဖြင့် ပြန်လည်အသုံးချနိုင်သော ပြည်သူ့ကျန်းမာရေးအကျိုးပြု သုတေသနရလဒ်များ ရရှိစေမည်ဖြစ်ကြောင်း၊ ဆွေးနွေးချက်များကို စနစ်တကျမှတ်တမ်းများထားရှိပြီး မိမိတို့မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိအသုံးချနိုင်ရေး ဆောင်ရွက်ကြရန်နှင့် သုတေသနတွေ့ရှိချက်များကို မျှဝေဖလှယ်ဆွေးနွေးညှိနှိုင်းကာ မြန်မာ့တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ဧည့်သည်တော်များနှင့်အတူ ပြသထားသော သုတေသနပိုစတာများကို လှည့်လည်အားပေးကြည့်ရှုသည်။

မြန်မာ့တိုင်းရင်းဆေးဝါးများ၏ ဘေးအန္တရာယ်ကင်းရှင်းမှု၊ အာနိသင်ထိရောက်မှုကို စမ်းသပ်လေ့လာခြင်း၊ မြန်မာတိုင်းရင်းဆေးဝါးများ အသုံးပြုမှုကို ပြည်သူလူထုအတွင်း လေ့လာခြင်းစသည့် အကြောင်းအရာများကို ကျန်းမာရေးဝန်ကြီးဌာနသာမက နီးနွယ်ဆက်စပ်ဝန်ကြီးဌာနများဖြစ်သော ကာကွယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့က စာတမ်းများ ဖတ်ကြားတင်သွင်းခဲ့သည်။

တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်၍ သုတေသနများ ပိုမိုဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်သည်။ အရည်အသွေးမြင့်မားသော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရာတွင် အနာဂတ်တွင် ဒေသတွင်းနိုင်ငံများအကြား သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းရင်းဆေးညီလာခံကို နှစ်စဉ်ကျင်းပလျက်ရှိပြီး နိုင်ငံတကာမှ တိုင်းရင်းဆေးပညာရှင်များလာရောက်၍ ပညာရပ်ပိုင်းဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## အောင်မြေသာစံမြို့နယ်ရှိ အခြေခံပညာအထက်တန်း(အမျိုးသမီး)ကျောင်းတွင် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်

**မန္တလေး ဩဂုတ် ၂၉**

ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ ၈၂လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ အမှတ်(၈)အခြေခံပညာအထက်တန်း (အမျိုးသမီး) ကျောင်းရှိ အေးသီတာခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီခွဲက ကျင်းပပြုလုပ်သည်။



အခမ်းအနားသို့ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကဝန်ကြီးချုပ်၏ဇနီး ဒေါ်မမနှင့် နာယကအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မီမီစိုးနှင့်အဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့စုမှူးရဲမှူးသူဇာလွင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခိုင်နှင့်အသင်းဝင်များ၊ မြို့နယ်ပညာရေးမှူးဒေါ်သီတာဌေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာခင်သီတာနှင့် ဆရာမများ၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မီမီစိုးက အမှာစကားပြောကြားပြီး၊ ရဲမှူးသူဇာလွင်က ဆက်သွယ်ရေးလိမ်လည်မှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ၎င်းနောက် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး Video Clip ပြသရာ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုကြကြောင်း သိရသည်။ (၀၉၃)

(အပေါ်ပုံ)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ မြစ်ငယ်ရပ်ကွက်၊ သောကမ္ဘာရုံတို့တွင်ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

၀-၀-၀-၀

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော၊ လက်တွေ့မီးငြိမ်းသတ်ပြသ

**မန္တလေး ဩဂုတ် ၂၉**

အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်ဦးဆောင်သည့် သန္တေမီးသတ်တပ်ဖွဲ့ဝင်ငါးဦးတို့က အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ယနေ့နံနက်ပိုင်းက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြော၍ လက်တွေ့မီးငြိမ်းသတ်ပြသခဲ့ကြကြောင်း သတင်းရရှိသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်-၄)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီး လုပ်တဲ့လူမှုန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၃/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

## ပြည်သူက လေးစားပြီး အားကိုးယုံကြည်ရသည့် စွမ်းရည်ရှိသော ရဲတပ်ဖွဲ့ဖြစ်စေရေး ကြိုးပမ်းထမ်းဆောင်





နေပြည်တော် ဩဂုတ် ၂၉

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၂၃/၂၀၂၄) ရဲဗလတပ်ခွဲ၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူကာ သင်တန်းဆင်း တပ်ခွဲများကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း မေကြည်အေး၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နန္ဒာအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း လှိုင်မျိုးထွဋ်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း မေကြည်အေး၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နန္ဒာအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် ခေါင်းဆောင် ငယ်များအဖြစ် တာဝန်ယူကြရတော့မည့် သူများအနေဖြင့် ကွပ်ကဲရသည့်တပ်ဖွဲ့အား တက်ညီလက်ညီဖြင့် စုပေါင်းဆောင်ရွက် နိုင်စွမ်းရှိအောင် ဦးဆောင်နိုင်ရမည်ဖြစ်သလို မိမိကိုယ်တိုင်လည်း အရာရာတွင် စံပြဖြစ်အောင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်သွားကြရန် လိုအပ်ပြီး ရဲအရာရှိတပ်ဖွဲ့ဝင် တစ်ဦးအဖြစ် မွန်မြတ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေသူများဖြစ်သည်ကို အစဉ်သတိချပ်နေရန်မှာကြားလိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အစဉ်အလာ (၁၂)ရပ်တွင်ပါရှိသည့် “နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော် တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်” ဟူသည့် အချက်နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တပ်မတော်နှင့်အတူ နယ်မြေခံပြည်သူ့စစ်အဖွဲ့၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ ဒေသခံပြည်သူလူထုများနှင့် လက်တွဲပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားနေသည့် နေရာဒေသများတွင် တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ကလည်း တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စား တာဝန် ထမ်းရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များကို ထိုက်တန်သည့် ဂုဏ်ပြုမှုများ ချီးမြှင့်ပေးလျက်ရှိရာ မိမိတို့တပ်ဖွဲ့ဝင်များ အနေဖြင့် ပြည်သူကို အလုပ်အကျွေးပြုသည့်၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာတည်မြဲရေးကို အသက်ပေးကာကွယ်စောင့်ရှောက်တတ်သည့် ရဲတပ်ဖွဲ့ဝင်များအဖြစ် လေးနက်စွာခံယူပြီး ကျရာတာဝန်များကို ဦးလည်မသုန် ထမ်းရွက်သွားကြရန်မှာကြားလိုကြောင်း၊ “မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အမြင့်ဆုံးဂုဏ်သိက္ခာသည် ပြည်သူလူထုက အားကိုးယုံကြည်မှုပင်ဖြစ်သည်” ဆိုသည့် ခံယူချက်နှင့်အညီ ပြည်သူက လေးစားပြီး အားကိုးယုံကြည်ရသည့် စွမ်းရည်ရှိသော ရဲတပ်ဖွဲ့ဖြစ်စေရေး ကြိုးပမ်းထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း၊ စွမ်းရည်ပြည့်ဝ ထက်မြက်စေရေးအတွက် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဟူသော လေ့ကျင့်ရေးမူဝါဒနှင့်အညီ မိမိကိုယ်ကိုမိမိ တည်ဆောက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဇဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရဲအရာရှိလေ့ကျင့်ရေးကျောင်းဝင်းအတွင်း သင်တန်းသားများနှင့် ဝန်ထမ်းမိသားစုများ သက်သာချောင်ချိရေးအတွက် တည်ဆောက်လျက်ရှိသည့် ဥစားကြက်မွေးမြူရေးခြံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်း တင်ပြမှုအပေါ် ပြည်ထောင်စု ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားသည်။

ညပိုင်းတွင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဇဟိုခန်းမ၌ ကျင်းပသည့် ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၂၃/၂၀၂၄) ၏ သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းခေါ်မိုး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်း ဒုတိယရဲအုပ်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## မဟာအောင်မြေမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနား ကျင်းပ

မန္တလေး ဩဂုတ် ၂၉

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်း အနားကို ယနေ့ နံနက်ပိုင်းက ရတနာဘုမ္မိ အရှေ့ရပ်ကွက် မန်းသီရိခမ္မာရုံ၌ ကျင်းပသည်။

မဟာအောင်မြေမြို့နယ် စမ်းသပ်မဲပေးခြင်းနှင့်ပတ်သက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးဝင်းက မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် သုံးစွဲပုံအဆင့်ဆင့်များကို ရှင်းလင်းပြောကြားပြီးနောက် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ်မဲပေးစက်များ တပ်ဆင်ပုံ၊ မဲပေးချိန်နှင့် မဲရေတွက်ချိန်တို့တွင် ထိန်းချုပ်စက်ကိုင်တွယ်အသုံးပြုပုံများကို နားလည်အောင် အကျယ်တဝင့်ရှင်းလင်း၍ တစ်ဦး၊ တစ်ယောက်စီ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် ကိုယ်တိုင် စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ပြသဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကွက်နေပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ (ယာပုံ)



အဆိုပါ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို မဟာအောင်မြေမြို့နယ်ရှိ ကျန်ရပ်ကွက်များသို့ ကွင်းဆင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

(ဝ၅၆)

ဝ-ဝ-ဝ-ဝ-ဝ

★ ရှေ့ဖုံးမှ


ထိုသို့ ဆောင်ရွက်ခဲ့ရာ တပ်မတော်စစ်ကြောင်းများသည် နောင်ချို-ဂုတ်တွင်းလမ်းကြောင်း၊ နောင်ချို-ဂုတ်ထိပ်မီးရထားလမ်း လမ်းကြောင်းများဖြင့် စစ်ကြောင်းနှစ်ကြောင်းခွဲ၍ နယ်မြေရှင်းလင်းရေးဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာ နောင်ချိုမြို့နှင့်ကျောက်မဲမြို့အကြား ဂုတ်တွင်းတံတားနှင့် ဂုတ်ထိပ်မီးရထားလမ်းကြား နေရာတစ်ဝိုက်ရှိ မြေပြင်အနေအထားသည်ပေ ၃၀၀ ကျော်နက်ပြီး တစ်ဖက်နှင့်တစ်ဖက် ပေ ၂၀၀၀ ကျော်ဝေးကွာသောသဘာဝအတားအဆီး ချောက်ကမ်းပါးရှိနေပြီး အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့်လည်း အဆိုပါ မြေအနေအထားကို အခွင့်အကောင်းယူ၍ ကမ်းပါးတစ်လျှောက် အခိုင်အမာ ကွန်ကရစ်ဘန်ကာများ တည်ဆောက်ကာ အပေါ်စီးမှ စိုးမိုးနေရာယူကာ တပ်မတော်စစ်ကြောင်းများ ဆက်လက်ချီတက်နိုင်မှုမရှိစေရန်အတွက် ပစ်ခတ်တိုက်ခိုက်ခြင်းများပြုလုပ်ရန် စီမံထားကြောင်း တပ်မတော်စစ်ကြောင်းများက ထောက်လှမ်းသိရှိခဲ့ရသည်။

## သိမ်းဆည်းရမိ

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါနေရာများအား ဖြတ်ကျော်ရန်နည်းလမ်းမျိုးစုံဖြင့် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း မြေအနေအထားအရ မိမိဘက်မှ အရေးသာမှုမရှိသည့်အတွက် ရန်သူအား အဆိုပါနေရာတစ်ဝိုက်တွင် ရင်ဆိုင်ထိန်းချုပ်ထားပြီးကျန်စစ်ကြောင်းများအနေဖြင့် ရန်သူမျှော်လင့်မထားသည့် ဂုတ်ထိပ်တံတားတောင်ဘက် ရှစ်ကီလိုမီတာခန့်အကွာနေရာမှတစ်ဆင့် နမ့်ပန်စီချောင်း၏ချောက်ကမ်းပါးအား ခဲရာခဲဆစ်ဖြတ်ကျော်လျက် နမ့်ပန်စီချောင်းတစ်ဖက်ကမ်းသို့ခက်ခက်ခဲခဲဖြတ်ကူးကာရန်သူနောက်ကျောဖြစ်သည့် နောင်ပိန်ကျေးရွာအား စစ်နည်းဗျူဟာမြောက်မြေပြင်၊ ဝေဟင်ပေါင်းစပ်ပြီး အကြမ်းဖက်သောင်းကျန်းသူများအား လိုက်လံတိုက်ခိုက်ချေမှုန်း၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၅ခုနှစ် ဩဂုတ် ၁၉ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများခေတ္တစိုးမိုးထားသည့်ခဲတုံကြိုင်ကျေးရွာ၊ ၂၁ ရက်တွင် ကောင်းပိုကျေးရွာ၊ ၂၂ ရက်တွင် ထန်းတပင်ကျေးရွာ၊၂၃ ရက်တွင် ပန်တီကျေးရွာ၊ ၂၄ ရက်တွင်နောင်ပိန်ကျေးရွာ၊ ပင်ပေါကျေးရွာနှင့်ဓိးပင်စခန်းကျေးရွာ၊ ၂၅ ရက်တွင်ကျောင်းကုန်းကျေးရွာ၊ ၂၆ ရက်တွင်စန္ဒမုနိကျောင်းတိုက်၊ ၂၇ ရက်တွင်နောင်ပစ်လမ်းခွဲနှင့် ဂုတ်တွင်းတံတား၊၂၈ ရက်တွင် ရှုခင်းသာ၊ ယနေ့တွင်ဂုတ်ထိပ်တံတားနှင့် အဆိုပါ ဒေသတစ်ဝိုက်တို့ကို အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး စစ်ဆင်ရေးကာလ ၁၂ ရက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ်(၄၇)ကြိမ်ဖြစ်ပွားခဲ့ကာ ရန်သူ့အလောင်း၂၉ လောင်းနှင့် လက်နက်မျိုးစုံ ၂၃ လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

စာမျက်နှာ ၅ သို့ ✻

### ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နောင်ချို-ကျောက်မဲလမ်းပိုင်းအတွင်း သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့်နေရာများအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်








တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် နောင်ချိုမြို့နယ် နောင်ပိန်ကျေးရွာအား ပြန်လည်သိမ်းပိုက်ပြီးနောက် တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ဓိးပင်ကျေးရွာအား ပြန်လည်သိမ်းပိုက်ပြီးနောက် တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ကျောင်းကုန်းကျေးရွာအား ပြန်လည်သိမ်းပိုက်ပြီးနောက် တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ဂုတ်ထိပ်တံတားအား ပြန်လည်သိမ်းပိုက်ပြီးနောက် တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ဂုတ်ထိပ်ရှုခင်းသာနေရာအား ပြန်လည်သိမ်းပိုက်ပြီးနောက် တွေ့ရစဉ်။



အကြမ်းဖက်သမားများက ဂုတ်တွင်းတံတားအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးထားမှုကို တွေ့ရစဉ်။



အကြမ်းဖက်သမားများက ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

* စာမျက်နှာ ၄ မှ

တပ်မတော် စစ်ကြောင်းများသည် အကြမ်းဖက် သောင်းကျန်းသူများအား အခိုင်အမာ ခံစစ်စခန်းတည်ဆောက်ထားသည့် ဂုတ်တွင်းနှင့် ဂုတ်ထိပ်မီးရထားလမ်းတံတားနေရာတို့အား တိုက်ခိုက်သိမ်းပိုက်နိုင်ရေး ဆောင်ရွက်ခဲ့ရာတွင် သဘာဝအတားအဆီးကို အကာအကွယ်ယူ၍ မြေအနေအထား အသာစီးရယူထားသော အကြမ်းဖက်သောင်းကျန်းသူတို့အား နောင်ချိုမြို့ဘက်ခြမ်း ဂုတ်တွင်းနှင့် ဂုတ်ထိပ် မီးရထားလမ်းတွင်ရှိသော တပ်မတော် စစ်ကြောင်းများအနေဖြင့် ရန်သူ့အား ရင်ဆိုင်ထိန်းချုပ်ထားပြီး ကျန်စစ်ကြောင်းများအနေဖြင့် ရန်သူမျှော်လင့်ထားခြင်းမရှိသော လမ်းကြောင်းမှ ရန်သူ၏နောက်ကျောဖြစ်သည့်နောင်ပိန်ကျေးရွာအား ဦးစွာဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး နောင်ပိန်ကျေးရွာမှ တစ်ဆင့် ဂုတ်တွင်းနှင့်ဂုတ်ထိပ်ဒေသတစ်ဝိုက်အား ရန်သူ့နောက်ကျောမှ အဆင့်ဆင့်ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။



တပ်မတော်စစ်ကြောင်းများက ဂုတ်ထိပ်မီးရထားလမ်းတံတားအား သိမ်းပိုက်ရရှိပြီးနောက် တွေ့ရစဉ်။



အကြမ်းဖက်သမားများ ခံစစ်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တွေ့ရှိရစဉ်။





အကြမ်းဖက်သမားများ သဘာဝကျောက်ကမ်းပါးခံ၍ အခိုင်အမာ ခံစစ်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တွေ့ရစဉ်။

TNLA အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် တပ်မတော်စစ်ကြောင်းများနှင့် တိုက်ပွဲများဖြစ်ပွားစဉ်ကာလအတွင်း ၂၀၂၅ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အပိုင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၇၈/၂-၇၈/၃)အတွင်း တည်ရှိသည့် တံတားအမှတ်(၉/၈၄)၊ သံကူကွန်ကရစ်တံတားအား လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဂုတ်တွင်းတံတား (အသစ်)နှင့် (အဟောင်း) နေရာနှစ်ခုကို ဒုတိယအကြိမ်မြောက်အဖြစ် လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာကျော် ရှေးဟောင်းတံတား တစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတား၏ ကျောက်မဲမြို့ဘက်အခြမ်းရှိ တံတားတိုင်အမှတ်(P – 16)နှင့် ကမ်းကပ်ခုံ(AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိတံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ (AB–2)တို့အား လည်းကောင်း အကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ခြင်းနှင့် နောင်ချို-ကျောက်မဲ လမ်းကြောင်းတစ်လျှောက်၌ လမ်းပန်းဆက်သွယ်ရေးများ အခက်အခဲဖြစ်စေရန်အတွက် အတားအဆီးများပြုလုပ်၍ လမ်းများပိတ်ဆို့ထားခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။



တပ်မတော်သားများက ဂုတ်တွင်းအတက်လမ်းအား အဆင်ပြေစွာ သွားလာနိုင်ရေး ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။



အကြမ်းဖက်သမားများက ဂုတ်တွင်းတံတားအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

ထိုသို့ အကြမ်းဖက်သမားများ လုပ်ဆောင်ခဲ့သည့် လမ်းကြောင်းတစ်လျှောက်ရှိ အတားအဆီးနေရာများနှင့် လမ်းတံတားများအား တပ်မတော်စစ်ကြောင်းများက လူအင်အားနှင့် စက်ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းများနှင့် ဂုတ်တွင်းတံတားအား အများပြည်သူပြန်လည်အသုံးပြုနိုင်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် တပ်မတော်မှ စစ်မြေပြင် အင်ဂျင်နီယာတပ်ဖွဲ့များက ယာယီသံပေါင် ဘေလီတံတားထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme – UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme–UNDP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Norimasa Shimomura က ၎င်း၏ခန့်အပ်လွှာကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ပေးအပ်သည်။

ထိုသို့ လာရောက်ပေးအပ်စဉ် UNDP က မြန်မာနိုင်ငံတွင် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၌ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# Myanmar, in the Golden Land စာအုပ်မိတ်ဆက်ပွဲနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

အီတလီနိုင်ငံသား နိုင်ငံရေးအတွေးအခေါ်နှင့် ပထဝီနိုင်ငံရေးရာ ကျွမ်းကျင်သူ Mr. Lorenzo Maria Pacini ရေးသားသည့် Myanmar, in the Golden Land စာအုပ်မိတ်ဆက်ပွဲ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)နှင့် Anteo Edizioni Publishing House တို့အကြား ပူးပေါင်းဆောင်ရွက်ရေး၊ အီတလီနိုင်ငံမှ Instituto De Alti Studi Sulla Multipolarita IASM တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ The Eravati Sule Grand Yangon ဟိုတယ်၌ ကျင်းပသည်။



တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အီတလီနိုင်ငံမှ စာရေးဆရာ Mr. Lorenzo Maria Pacini နှင့် စာအုပ်ထုတ်ဝေသူ Mr. Stefano Bonilauri၊ စာပေအနုပညာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဦးစွာ ယခုစာအုပ်ကို ဖန်တီးပေးသည့် စာရေးသူနှင့် ထုတ်ဝေသူတို့ကို ဂုဏ်ပြုချီးကျူးပါကြောင်း၊ ယခုစာအုပ်တွင် စာရေးသူ၏ ကြိုးပမ်းအားထုတ်မှုနှင့် မြန်မာနိုင်ငံအပေါ် မှန်ကန်သင့်လျော်သည့် ရှုမြင်ချက်များကို ကွက်ကွက်ကွင်းကွင်း တွေ့ရပါကြောင်း၊ သမိုင်းခေတ်ဦးမှသည် မျက်မှောက်ခေတ်အထိ မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများ ရေးသားထားသည်ကို တွေ့ရှိရပါကြောင်း။

စာရေးသူ Mr. Lorenzo Maria Pacini သည် မြန်မာနိုင်ငံအပေါ် ရှုမြင်ရာတွင် အနောက်နိုင်ငံများ၏ နှုန်းစံများနှင့် တိုင်းတာခြင်းမျိုး မဟုတ်ဘဲ သီးခြားရှုထောင့်နှင့် တင်ပြထားသည်ကို တွေ့ရပါကြောင်း၊ Myanmar, in the Golden Land စာအုပ်ကို ဖတ်ရှုခြင်းဖြင့် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့် မျက်မှောက်ခေတ်မြန်မာ့နိုင်ငံရေး အခြေအနေကို ခြုံငုံ၍သိနိုင်သကဲ့သို့ အင်အားကြီးနိုင်ငံအချို့၏ သတင်းစစ်ပွဲ ဆင်နွှဲမှု၊ မြန်မာနိုင်ငံ၏ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုအတွက် အကျိုးပြုနိုင်မှု၊ ရွေးကောက်ပွဲလမ်းကြောင်းကို နိုင်ငံတကာအသိုက်အဝန်းမှ လက်ခံကြိုဆိုသင့်ကြောင်း ထောက်ပြထားမှု၊ အင်အားကြီး နိုင်ငံအချို့က လစ်ဘရယ်မျက်နှာဖုံး၊ လူ့အခွင့်အရေးမျက်နှာဖုံးများဖြင့် ဝင်ရောက်စွက်ဖက်တတ်မှုတို့ကို ဖတ်ရှုရမည်ဖြစ်ရာ မြန်မာ့အရေးလေ့လာလိုသူတိုင်း မလွှတ်တမ်းဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စာအုပ်ရေးသားသူ Mr. Lorenzo Maria Pacini က ယခုစာအုပ်သည် မြန်မာဟူသော ရင်သပ်ရှုမောဖွယ်ရာ နိုင်ငံတစ်ခုအပေါ်ထားရှိသော မေတ္တာတရား၏ အသီးအပွင့်ပင် ဖြစ်ပါကြောင်း မိတ်ဆက် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်တို့က စာအုပ်မိတ်ဆက် ဖြန့်ချိမှုအတွက် ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက်မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)နှင့် Anteo Edizioni Publishing House တို့အကြား နိုင်ငံတကာစာအုပ်များ ထုတ်ဝေဖြန့်ချိခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် အီတလီနိုင်ငံမှ Instituto De Alti Studi Sulla Multipolarita IASM တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာများကို မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို (ကိုကို – စက်မှုတက္ကသိုလ်)၊ Director Mr. Stefano Bonilauri နှင့် General Director Mr.Lorenzo Maria Pacini တို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက်စာအုပ်ထုတ်ဝေသူ Mr. Stefano Bonilauri က အမှတ်တရ ဂုဏ်ပြုစကား ပြောကြားပြီး မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုက ဤစာအုပ်ကို နိုင်ငံတကာသို့ စတင်မိတ်ဆက် ဖြန့်ချိနိုင်မှုနှင့် နားလည်မှု စာချွန်လွှာများကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့မှုတို့အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ယခုထုတ်ဝေသည့် Myanmar, in the Golden Land စာအုပ်ကို အင်္ဂလိပ်၊ ရုရှား၊ ပြင်သစ်၊ တရုတ်၊ အီတလီဘာသာများဖြင့် ထုတ်ဝေသွားမည်ဖြစ်ပြီး Amazon Website မှလည်း ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Centre(MCC)ခန်းမ၌ ကျင်းပမည့် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဇာတ်ဖျော်ဖြေပွဲ ဖိုရမ်–၂၀၂၅ အခမ်းအနားသို့ တက်ရောက်ကြမည့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ လူငယ်မောင်မယ်များအား တွေ့ဆုံကာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ဓာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဘယ်ဘက်လက်ဖျံပြတ်တောက်သွားသော လက်အား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်



မန္တလေး ဩဂုတ် ၂၉

ကျောက်ဆည်မြို့နယ် လက်ပံရွာနေ အသက် ၄၀ ရှိ အမျိုးသားတစ်ဦးသည် ဓားဖြင့် ခုတ်ခံရခြင်းကြောင့် ဘယ်ဘက်လက်ဖျံ ပြတ်တောက်သွားသည့်ဒဏ်ရာဖြင့် ဩဂုတ် ၁၉ ရက် ည ၈ နာရီခွဲတွင် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာခဲ့ရာ အရေးပေါ်ကုသမှုများ ချက်ချင်းပြုလုပ်၍ ပြတ်တောက်သွားသည့် ဘယ်ဘက်လက်ဖျံကို ပြန်လည်ဆက်ပေးနိုင်ခဲ့သည်။

အဆိုပါ ခွဲစိတ်ကုသမှုကို ယင်းနေ့ည ၁၀ နာရီ ၅ မိနစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး နောက်တစ်နေ့ နံနက် ၅ နာရီအထိ ခွဲစိတ်ချိန် ခုနစ်နာရီခန့်ကြာ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ခွဲစိတ်ကုသမှုကို မန္တလေးပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး(လက်ပိုင်းဆိုင်ရာခွဲစိတ်) ဒေါက်တာဖြိုးဆွေဝင်းတင် ခေါင်းဆောင်သည့် လက်ပိုင်းဆိုင်ရာခွဲစိတ်ကုသမှုအဖွဲ့၊ လက်ထောက်ဆရာဝန်(မေ့ဆေး)ဒေါက်တာဖြူစင်ညိုညိုခေါင်းဆောင်သည့် မေ့ဆေးအထူးကုအဖွဲ့နှင့် တာဝန်ကျသူနာပြုကြီး၊ သူနာပြုများပါဝင်၍ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါလူနာ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်၍ ခွဲစိတ်ပြီးလက်၏ သွေးလှည့်ပတ်မှုမှာ တိုးတက်ကောင်းမွန်လျက်ရှိကာ လက်လှုပ်ရှားမှုများ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**အသက်သည် သွေး၊ သွေးသည် အသက်။**

# MSME ကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ စွန့်ဦးတီထွင်မှုများဆောင်ရွက်နိုင်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၉

MSME ကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ စွန့်ဦးတီထွင်မှုများဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Polytechnic University သင်တန်းခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Naypyitaw State Polytechnic University ပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ MSME လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှင်းလင်းတင်ပြ

ဦးစွာ Naypyitaw State Polytechnic University ပါမောက္ခချုပ်က တက္ကသိုလ်သမိုင်းအကျဉ်း၊ ဘာသာရပ်အလိုက်သင်ခန်းစာများလေ့ကျင့်သင်ကြားပေးနေမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် စွန့်ဦးတီထွင်မှုများတွင် တက္ကသိုလ်အနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် MSME ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် ဆက်စပ်သည့်လုပ်ငန်းများကို အဓိကထား စဉ်းစားရန်လိုကြောင်း၊ MSME များအနေဖြင့် မိမိတို့၏ စိုက်ပျိုးရေးဆိုင်ရာ အားသာချက်များကို အခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့်လုပ်ငန်းများကို ဆောင်ရွက်ကြမည်ဆိုပါက ကျေးလက်စီးပွားရေးကိုများစွာ တိုးတက်လာစေမည်ဖြစ်ကြောင်း၊ နေ့စဉ် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်နိုင်ရန် MSME များကို အားပေးခြင်းဖြင့် သွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်များကို ဦးစားပေးစေနိုင်ပြီး နိုင်ငံ့ထုတ်လုပ်မှုကို အားပေးမှုမျိုးဖြစ်လာမည်ဖြစ်ကြောင်း၊ Polytechnic University များ၏ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများသည် MSME များအတွက် စီးပွားရေးအခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ခြင်း၊ ဈေးနှုန်းချိုသာသော နည်းပညာဖြေရှင်းချက်များ ထောက်ပံ့ပေးခြင်း၊ စီမံခန့်ခွဲမှုနှင့် ဈေးကွက်ရှာဖွေရေးအတွက် အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးများရရှိကြောင်း။

Polytechnic University များသည် နိုင်ငံတကာတွင် MSME များနှင့် သုတေသနအဖွဲ့အစည်းများ ချိတ်ဆက်ပေါင်းစည်းရာမှ ဆန်းသစ်တီထွင်နိုင်မှု၊ စွမ်းဆောင်ရည်တိုးတက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို အထူးအကျိုးရှိစေသကဲ့သို့ မြန်မာနိုင်ငံရှိ Naypyitaw State Polytechnic University သည်လည်း မြန်မာ့ MSME များကို သုတေသန၊ နည်းပညာနှင့် စီးပွားရေးဈေးကွက်တို့နှင့် ချိတ်ဆက်ပေါင်းစည်းပေးသည့် အဆင့်မြင့်စနစ်တစ်ရပ်ကို ဖော်ဆောင်နိုင်ရေး၊ MSME များနှင့် တက္ကသိုလ်များ၊ သုတေသနဌာနများ၊ စက်မှုဇုန်များ၊ နိုင်ငံတကာမိတ်ဖက်များ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့တွင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က Naypyitaw State Polytechnic University တွင် ကျောင်းသား ကျောင်းသူများအနေဖြင့် ဝန်ကြီးဌာနများနှင့် MSME လုပ်ငန်းများတွင် စာတွေ့သာမက လက်တွေ့လေ့လာသင်ယူမည့် အခွင့်အလမ်းများ၊ ရရှိလာမည့် အသိပညာ၊ အခွင့်အလမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန ဌာနဆိုင်ရာတာဝန်ရှိသူများက MSME ကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ စွန့်ဦးတီထွင်မှုများ ဆောင်ရွက်နိုင်ရေးတို့တွင် Naypyitaw State Polytechnic University နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ နိုင်ငံပိုင်စက်ရုံများတွင် လာရောက်လေ့လာသင်ယူနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ MSME လုပ်ငန်းရှင်များက Naypyitaw State Polytechnic University နှင့် လက်တွေ့ စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကျင်းပရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉** (၁၀၀)ပြည့် ရာပြည့်သဘင်ကျင်းပ မွန်းလွဲပိုင်းတွင် နေပြည်တော်
မန္တလေးတက္ကသိုလ် နှစ် ရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်



(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ မြို့မိ မြို့ဖများနှင့် ကျောင်းသားဟောင်းများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မန္တလေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် ရာပြည့်သဘင် အောင်မြင်စွာ ကျင်းပနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျောင်းသားဟောင်းများ၊ မျိုးဆက်သစ်လူငယ်ကျောင်းသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားပြီး ဒုတိယဝန်ကြီးများက ဖွင့်ပွဲအခမ်းအနားအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများ၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်နှင့် ကျောင်းသားဟောင်းများက မန္တလေးတက္ကသိုလ် ရာပြည့်သဘင် အောင်မြင်စွာ ကျင်းပရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ပညာရေးကျောင်းများ၏ ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်)ရှိ ခန်းမ၌ကျင်းပရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တပ်မတော် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက တပ်မတော်ပညာရေးကျောင်းများ ပညာရည် တိုးတက်မြင့်မားရေးနှင့်ပတ်သက်၍ လိုအပ်သည့် အချက်အလက်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက စာသင်ခန်းအတွင်း ကောင်းမွန်သောစီမံခန့်ခွဲမှု (Classroom Managament) နှင့် ထိရောက်သော သင်ကြား/သင်ယူမှုများ ဖြစ်ပေါ်စေရေး လှုံ့ဆော်ဆောင်ရွက်ပေးခြင်း (Classroom Motivation) ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ ကျောင်းပြင်ပ ပညာရေးကဏ္ဍ၏ အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ တပ်မတော်သား မိသားစုဝင်များဖြစ်ကြသည့် အိမ်ထောင်သည် ရဲမေများအတွက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တိုင်းစစ်ဌာနချုပ်များ၊ ခြေမြန်တပ်မဌာနချုပ်များ၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်များမှ တပ်မတော်အခြေခံပညာကျောင်းများအတွက် လုပ်ဆောင်ပေးနိုင်သော အခြေအနေများ၊ အခြေခံပညာကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်အခြေပြုလုပ်ငန်းများ ရှင်သန်သက်ဝင်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊



စက်မှု၊ စိုက်ပျိုး/မွေးမြူရေးဆိုင်ရာ သက်မွေးပညာရပ်များကို တပ်မတော်သားမိသားစုဝင် မှီခိုသူ သားသမီးများ ပိုမိုတက်ရောက်နိုင်ရေး တိုးချဲ့ဖွင့်လှစ်မည့် အခြေအနေများ၊ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား အနာဂတ် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အခြေခံပညာရေးကဏ္ဍမှ ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန်အတွက် မွမ်းမံသင်တန်းများပို့ချခြင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ ပူးပေါင်းလှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ အားပေးပံ့ပိုးခြင်းစသည့် နည်းလမ်းများဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့်အခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ဆွေးနွေးကြသည်။

အခမ်းအနားအပြီးတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

သတင်းစဉ်

# (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၈)ကြိမ်မြောက် အာဆီယံ+၃ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးများ ကျင်းပ



နေပြည်တော် ဩဂုတ် ၂၉

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး (12th ASEAN Ministerial Meeting on Social Welfare and Development- AMMSWD)နှင့် (၈)ကြိမ်မြောက် အာဆီယံ+၃ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး (8th ASEAN+3 Ministerial Meeting on Social Welfare and Development-AMMSWD+3) များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M-Gallery Hotel ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးအလှည့်ကျဥက္ကဋ္ဌ ဖြစ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

ယခုအစည်းအဝေး၏ ဆောင်ပုဒ်မှာ အာဆီယံအသိုက်အဝန်းအတွင်း ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ တိုးတက်အားကောင်းစေရေး (Enhancing Responsive Social Protection for Vulnerable Groups in the ASEAN Community)ဖြစ်ပြီး အာဆီယံနိုင်ငံများမှ သက်ဆိုင်ရာဝန်ကြီးများနှင့် အာဆီယံ+၃ နိုင်ငံများမှ ဝန်ကြီးများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အစည်းအဝေးတွင် အာဆီယံ+၃ နိုင်ငံများနှင့် အာဆီယံနိုင်ငံများ၏ ဝန်ကြီးများက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ တိုးတက်အားကောင်းလာစေရေးနှင့်ပတ်သက်၍ ဆွေးနွေးဆောင်ရွက်ကြပြီး ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို တင်ပြကြရာ နိုင်ငံအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အရ လူမှုကာကွယ်စောင့်ရှောက်ရေး ကဏ္ဍတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်(၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့မှု၊ သက်ကြီးသူများအား လူမှုရေးပင်စင်ထောက်ပံ့မှုနှင့် မသန်စွမ်းသူများအား ငွေကြေးထောက်ပံ့မှုအခြေအနေ၊ မကြာသေးမီက မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့ရသော မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်တို့၌ ဘေးဒဏ်သင့်နေရာများတွင် ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုများ၊ ငလျင်ဒဏ်သင့်နေရာများသို့ စိတ်လူမှုရေးပိုင်းဆိုင်ရာ အကူအညီပေးရေးအဖွဲ့များ စေလွှတ်၍ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား စိတ်လူမှုရေးပိုင်းဆိုင်ရာများ ပံ့ပိုးမှုအခြေအနေများ၊ လူမှုဝန်ထမ်းသမားများ၏ အရေးပါမှုများနှင့်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အာဆီယံ+၃ နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များက အာဆီယံနိုင်ငံများ၏ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက မှတ်ချက်ပြုဆွေးနွေးကြသည်။

ယင်းနောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးအလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားကာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပခဲ့သော (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အကြိမ်(၂၀)မြောက် အာဆီယံ+၃ နိုင်ငံများ၏ လူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံဒေသတွင်းအားလုံး အကျုံးဝင်ပါဝင်နိုင်သော စွန့်ဦးတီထွင်မှုဆိုင်ရာ ကျွမ်းကျင်သူများကွန်ရက်အစည်းအဝေးများ ကျင်းပ



နေပြည်တော် ဩဂုတ် ၂၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော အကြိမ်(၂၀)မြောက် အာဆီယံ+၃ နိုင်ငံများ၏ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (20th ASEAN Plus Three Senior Officials Meeting on Social Welfare and Development-SOMSWD+3)ကို ယမန်နေ့ နံနက်ပိုင်းတွင်လည်းကောင်း၊ (၇)ကြိမ်မြောက် အာဆီယံဒေသတွင်း အားလုံး အကျုံးဝင်ပါဝင်နိုင်သော စွန့်ဦးတီထွင်မှုဆိုင်ရာ ကျွမ်းကျင်သူများ ကွန်ရက်အစည်းအဝေး (7th Network of Experts on Inclusive Entrepreneurship for ASEAN-NIEA)ကို မွန်းလွဲပိုင်းတွင်လည်းကောင်း နေပြည်တော်ရှိ M-Gallery Hotel ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး ဦးဆောင်ကျင်းပသည်။

ယခုနှစ် အစည်းအဝေးများ၏ ဆောင်ပုဒ်မှာ အာဆီယံအသိုက်အဝန်းအတွင်း ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ တိုးတက်အားကောင်းစေရေး (Enhancing Responsive Social Protection for Vulnerable Groups in the ASEAN Community)ဖြစ်ပြီး အာဆီယံနိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတ နိုင်ငံတို့မှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက် ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအပေါ် လူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုပံ့ပိုးမှုအခြေအနေ၊ တိုးတက်ပြောင်းလဲလာသောအခြေအနေများနှင့်အညီ ဆောင်ရွက်ပေးရမည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် လူမှုဝန်ထမ်းသမားများ အနေဖြင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ အာဆီယံဒေသတွင်း လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ASEAN Work Plan 2021-2025 တွင် အာဆီယံနိုင်ငံအသီးသီးက စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ၊ အာဆီယံ+၃ နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များက အာဆီယံနိုင်ငံများ၏ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့် ဒေသတွင်း နိုင်ငံများမှ Work Plan ပါ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် (၇)ကြိမ်မြောက် အာဆီယံဒေသတွင်း အားလုံးအကျုံးဝင်ပါဝင်နိုင်သော စွန့်ဦးတီထွင်မှုဆိုင်ရာ ကျွမ်းကျင်သူများ ကွန်ရက်အစည်းအဝေး (7th Network of Experts on Inclusive Entrepreneurship for ASEAN-NIEA)ကို ဆက်လက်ကျင်းပရာ အာဆီယံဒေသတွင်း နိုင်ငံများ၌ ဆောင်ရွက်လျက်ရှိကြသော စွန့်ဦးတီထွင်လုပ်ငန်းစဉ်များ၊ အဆိုပါ လုပ်ငန်းစဉ်များကြောင့် ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများရရှိနိုင်သည့် အခွင့်အလမ်းများ၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့်ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်လျက် ရှိကြသော အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်ဘေးသင့်ဒေသပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် ဩဂုတ် ၂၉ ရက်အထိ သေဆုံးသူ ၃၇၉၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၁၂ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၇၄ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။


ဘေးသင့်ပြည်သူများအား ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံတန် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို အီဂျစ်နှင့်ကာတာနိုင်ငံတို့ ဆွေးနွေး

**ကိုင်ရို ဩဂုတ် ၂၉**

အီဂျစ်ဝန်ကြီးချုပ် မိုစတာဖာမက်ဘူလီနှင့် ကာတာဝန်ကြီးချုပ် ရှိတ်ခ်မိုဟာမက်ဘင် အဗ္ဗဒူရာမင် အယ်သာနီတို့သည် အီဂျစ်နိုင်ငံ နယူးအယ်လာမိန်းမြို့တွင် ဩဂုတ် ၂၈ ရက်က တွေ့ဆုံကြပြီး အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံတန်ကြေးရှိ ကာတာ၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို ဆွေးနွေးခဲ့ကြသည်။



အီဂျစ်ဝန်ကြီးချုပ် မိုစတာဖာမက်ဘူလီနှင့် ကာတာဝန်ကြီးချုပ် ရှိတ်ခ်မိုဟာမက်ဘင်အဗ္ဗဒူရာမင် အယ်သာနီ။

အီဂျစ် ဝန်ကြီးချုပ်သည် ကာတာ စီးပွားရေးအသိုင်းအဝိုင်းနှင့် ဆက်သွယ်မှုကို ဆက်လက်ထိန်းသိမ်းထားရန်နှင့် အီဂျစ်နိုင်ငံတွင် ကာတာ၏ ရင်းနှီးမြှုပ်နှံမှုများကို အပြည့်အဝ ပံ့ပိုးမှုပေးရန် ကတိကဝတ်ကို ထပ်မံအတည်ပြုခဲ့ကြောင်း အစိုးရထုတ်ပြန်ချက်အရ သိရသည်။

ကာတာဝန်ကြီးချုပ်ကလည်း နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ ရည်မှန်းချက်နှင့် ကိုက်ညီသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများတွင် မြှင့်တင်ရန် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သည်။

ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များမှာ ကျန်းမာရေး၊ ပညာရေး၊ အိမ်ခြံမြေ၊ အစားအသောက် လုံခြုံစိတ်ချရရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့တွင် အဓိက ရည်မှန်းထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဘာဒါအဗ္ဗဒယ်လာတီက အီဂျစ်နိုင်ငံ၏ အိတ်စထွာ နယူးစ်ချန်နယ်နှင့် ဩဂုတ် ၂၈ ရက်က ပြုလုပ်သည့် အင်တာဗျူးတွင် ဖြေကြားခဲ့သည်။

ဆင်ဟွာ

## ထရမ့်က စီဒီစီညွှန်ကြားရေးမှူးကို ရာထူးခန့်အပ်ပြီး တစ်လမပြည့်မီ ရာထူးမှထုတ်ပယ်

**ဝါရှင်တန် ဩဂုတ် ၂၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) မှ ညွှန်ကြားရေးမှူးကို ရာထူးခန့်အပ်ပြီး တစ်လမပြည့်မီ ရာထူးမှ ထုတ်ပယ်ခဲ့သည်ဟု သိရသည်။

ဇူလိုင် ၃၁ ရက်တွင် ဆူဇန် မိုနာရက်ဇ်ကို စီဒီစီညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခဲ့သည်။ ထိုစဉ်က ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုဆိုင်ရာ အတွင်းရေးမှူး ရောဘတ်အက်ဖ်ကနေဒီဂျူနီယာက ၎င်းကို ပြည်သူ့ကျန်းမာရေး ကျွမ်းကျင်သူအဖြစ် မိတ်ဆက်ပေးခဲ့သည်။

သို့သော်လည်း ထရမ့်က ဩဂုတ် ၂၇ ရက်တွင် ၎င်းကို ရာထူးမှ ထုတ်ပယ်ခဲ့သည်။ ၎င်းသည် အမေရိကန်၏ ကျန်းမာရေးပြန်လည်ကောင်းမွန်လာရေးအတွက် လုပ်ငန်းတာဝန်များနှင့် လိုက်လျောညီထွေမှုမရှိဟု အိမ်ဖြူတော်သတင်းထုတ်ပြန်ရေး အကြီးအကဲ ကာရိုလိုင်းလီဗစ်က ပြောသည်။

ဇူလိုင် ၃၁ ရက်တွင် စီဒီစီအကြီးအကဲအဖြစ် တာဝန်စတင်ထမ်းဆောင်ခဲ့သည့်မိုနာရက်ဇ်သည် အေဂျင်စီသက်တမ်းတစ်လျှောက် တာဝန်ထမ်းဆောင်ချိန် သက်တမ်းအတိုဆုံး စီဒီစီညွှန်ကြားရေးမှူး ဖြစ်လာခဲ့သည်။

ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုဌာနမှ ဒုတိယအကြီးအကဲကို ယာယီစီဒီစီညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ထားကြောင်း အိမ်ဖြူတော်က အင်န်အိတ်ချ်ကေသို့ ပြောသည်။

အင်န်အိတ်ချ်ကေ

## တရုတ်နိုင်ငံ၏ ဇူလိုင်လ လျှပ်စစ်သုံးစွဲမှုပမာဏ စံချိန်တင် ပထမဆုံးအကြိမ်အဖြစ် တစ်ထရီလျံ ကီလိုဝပ်နာရီ ကျော်လွန်

**ပေကျင်း ဩဂုတ် ၂၉**



တရုတ်နိုင်ငံ၏ လျှပ်စစ်သုံးစွဲမှုသည် ထုတ်လုပ်မှုနှင့် သုံးစွဲမှုကဏ္ဍများမှ လိုအပ်ချက်များကြောင့် ဇူလိုင်လတွင် သမိုင်းဝင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ် တစ်ထရီလျံ ကီလိုဝပ်နာရီကို ကျော်လွန်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနကဖော်ပြသည်။

အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေးအဖွဲ့က တရုတ်နိုင်ငံ၏ စုစုပေါင်းလျှပ်စစ်သုံးစွဲမှုသည် ဇူလိုင်လတွင် ၁ ဒသမ ဝ၂ ထရီလျံ ကီလိုဝပ်နာရီသို့ ရောက်ရှိခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၈ ဒသမ ၆ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း ပြောကြားသည်။

စီးပွားရေးလှုပ်ရှားမှုများ၏ အဓိကအညွှန်းကိန်းတစ်ခုအဖြစ် မကြာခဏဆိုသလို သတ်မှတ်လေ့ရှိသည့် ကမ္ဘာ့ပထမဆုံးဖြစ်သော စံချိန်တင်လျှပ်စစ်သုံးစွဲမှုသည် ကုန်ထုတ်လုပ်မှုနှင့် လက်လီကဏ္ဍများတွင် အားကောင်းသည့် စွမ်းဆောင်ရည်အပြင် နွေရာသီ အမြင့်ဆုံးလများအတွင်း အအေးပေးမှုအတွက် ဝယ်လိုအားများ ရုတ်တရက်တိုးလာခြင်းကြောင့် ဖြစ်သည်။

လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများက ယခုစံချိန်တင်မှုသည် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေး၏ အရေးပါမှုနှင့် ခံနိုင်ရည်ရှိမှုတို့အတွက် ရှင်းလင်းသည့် အရိပ်အယောင်ဖြစ်သည်ဟု ယုံကြည်ကြသည်။

ယင်းတိုးတက်မှုသည် စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုနှင့် လူနေအိမ်ကဏ္ဍများတွင် ကြီးထွားမှုရှိနေခြင်းနှင့်အတူ ခိုင်မာပြီး ကျယ်ကျယ်ပြန့်ပြန့် စီးပွားရေးပြန်လည်ဦးမော့လာမှုကို မီးမောင်းထိုးပြနေပြီး ရေတိုတိုးတက်မှုအတွက် အကောင်းမြင်သည့် အလားအလာကို ဖော်ပြနေသည်ဟု ရှမန်တက္ကသိုလ်ရှိ စွမ်းအင်မူဝါဒဆိုင်ရာ တရုတ်သိပ္ပံကျောင်း၏ အကြီးအကဲ လင်ဘိုကျန်းက ပြောကြားကြောင်း သိရသည်။

Mon

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



## ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်မှ မြို့သူ၊ မြို့သားများ စိန်းမြစ်ရေချိုးရန် တန်းစီစောင့်ဆိုင်းနေကြရ

**ပဲရစ် ဩဂုတ် ၂၉**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်၏ ဩဂုတ်လနှောင်းပိုင်း နံနက်ခင်းတွင် စိန်းမြစ်ရေချိုးရန် တန်းစီနေသည့်လူတန်းကြီးကို ထူးထူးခြားခြားတွေ့မြင်ခဲ့ရကြောင်း သိရသည်။

လေထုက ပူပြင်းခြောက်သွေ့နေသော်လည်း လူအုပ်ကြီးသည် စနစ်တကျတန်းစီကာ စောင့်ဆိုင်းနေခဲ့ကြသည်။ ခွေးများက ကလေးများနှင့် ရောထွေးနေပြီး သူငယ်ချင်းများက ပေါ့ပေါ့ပါးပါး စကားပြောဆိုနေကြကာ စုံတွဲများက မုန့်များကို မျှဝေစားနေကြသည်။ သို့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ မညည်းညူဘဲ တိတ်ဆိတ်စွာပင် တန်းစီလျက်ရှိသည်။

လူတန်း၏ရှေ့တွင် သစ်သားပေါ်တက်များနှင့် အသက်ကယ်သမားမျှော်စင်များဖြင့် ကြိုးတားထားသည့် စိမ်းမြမြမြစ်ရေပြင်သည် စိန်းမြစ်မှ ပုံဖော်ထားသော ရေကူးကန်တစ်ခုဖြစ်နေသည်။

ဒေသခံ ပဲရစ်မြို့သားများနှင့် ခရီးသွားများသည် ရေကူးရန်အတွက် နာရီဝက်သာ တန်းစီစောင့်ဆိုင်းခဲ့ရသော်လည်း စင်စစ်တွင် ၎င်းတို့အနေဖြင့် ထိုသို့ရေချိုးခွင့်ရရန်အတွက် ရာစုနှစ်တစ်ခုကျော်ကြာ စောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

Mon

## ၇ သန်းခန့်ရှိသော မော်တော်ဆိုင်ကယ်များ ပြည့်ကျပ်နေသဖြင့် ကမ္ဘာ့လေထုညစ်ညမ်းမှု အဆိုးဆုံးမြို့အဖြစ် ဟနွိုင်းကို ရောက်ရှိစေခဲ့

**ဟန္နိုင်း ဩဂုတ် ၂၉**

ဟန္နိုင်းမြို့၏ လမ်းမများပေါ်တွင် ၇ သန်းခန့်ရှိသော မော်တော်ဆိုင်ကယ်များ ပြည့်ကျပ်နေသဖြင့် ဓာတ်ဆီသုံး နှစ်ဘီးယာဉ်များသည် ကမ္ဘာ့လေထုညစ်ညမ်းမှုအဆိုးဆုံးမြို့အဖြစ် ဟန္နိုင်းကို ထိပ်ဆုံးစာရင်းသို့ ရောက်ရှိစေသည့် အရေးပါသော အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



ပြီးခဲ့သည့် ဇူလိုင်လတွင် ဝန်ကြီးချုပ် ဖမ်မင်ချင်းက ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁ ရက် နောက်ပိုင်းတွင် ဟန္နိုင်းမြို့ပတ်လမ်း ၁ အတွင်း ဓာတ်ဆီသုံး မော်တော်ဆိုင်ကယ်များဝင် ရောက်မောင်းနှင်ခြင်းကို တားမြစ်မည့် ညွှန်ကြားချက် ၂၀ ကို ထုတ်ပြန်ခဲ့သည်။

လှေ့လာသူများက သန်းပေါင်းများစွာသော ယာဉ်မောင်းများကို ပိတ်ဆို့ရန် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများအပြင် အကန့်အသတ်ရှိသော အများပြည်သူသယ်ယူပို့ဆောင်ရေး၊ အပိုင်းအလိုက်သာရှိသေးသည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် မြို့တွင်း အားသွင်းရန် အခြေခံအဆောက်အအုံ များ မရှိခြင်းတို့ကို ထောက်ပြကာ ထိုကဲ့သို့ တိုတောင်းသော အချိန်ကာလအတွင်း တားမြစ်ချက်ကို အကောင်အထည်ဖော်ရန် ဖြစ်နိုင်ခြေရှိ၊ မရှိ မေးခွန်းထုတ်ခဲ့ကြသည်။

ဟန္နိုင်းမြို့လယ်တွင် ဓာတ်ဆီသုံး မော်တော်ဆိုင်ကယ်များအား ၂၀၂၆ ခုနှစ်၊ ဇူလိုင်လနောက်ဆုံးထား၍ တားမြစ်ခြင်းသည် ကျောက်ဖြစ်ရပ်ကြွင်းလောင်စာသုံး သယ်ယူပို့ဆောင်ရေးယာဉ်များအား တဖြည်းဖြည်းလျှော့ချရန် ပိုမိုကျယ်ပြန့်သော တွန်းအားပေးမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ဆိုသည်။

ညွှန်ကြားချက်၂၀ ဖြင့်တားမြစ်ချက်ကို ၂၀၂၈ ခုနှစ်၊ ဇန်နဝါရီလအထိ ဟန္နိုင်းမြို့ပတ်လမ်း ၂ သို့ တိုးချဲ့သွားမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ဓာတ်ဆီသုံးယာဉ်များအား ထိန်းချုပ်မှုများ ပိုမိုတင်းကျပ်လာမည့်အပြင် မြို့ပတ်လမ်း ၃ အထိပြန့်နှံ့သွားမည်ဖြစ်ကြောင်း သိရသည်Mon

STOP AIDS

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ(၄/၂၀၂၅)အစည်းအဝေးသို့ တက်ရောက်




**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၄/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုများအား ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှုကောင်းများရှိစေသည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သွင်းကုန်အစားထိုးလုပ်ငန်းများနှင့်ပို့ကုန်မြှင့်တင်ဆောင်ရွက်မည့်လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်ဆန်သွက်လက်စွာ စိစစ်ခွင့်ပြုချထားပေးလျက်ရှိပြီး တင်ပြလျှောက်ထားလာမှုနှင့် မြေပြင်တွင် အမှန်တကယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှုများနှင့်ကိုက်ညီရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက ယခင်(၃/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးမှ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ယခုအစည်းအဝေးတွင် တင်ပြလျှောက်ထားလာမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## အမရပူရမြို့နယ် ကန်ရိုးကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး



**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် တမုတ်ဆိုးကျေးရွာအုပ်စု၊ ကန်ရိုးကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် စီမံကိန်းဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ကန်ရိုးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းထောက်ပံ့ရန်ပုံငွေ၊ ကျေးရွာနေ ပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

**(အပေါ်ဝဲပုံ)**

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမမှာ အလျား ၅၂ ပေ၊ အနံပေ ၄၀ ၊ အမြင့် ၁၂ ပေ ရှိပြီး တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေ ပြည်သူများ၏ ထည့်ဝင်ငွေကျပ်သိန်း ၇၀ တို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး၏ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**



## အသက်(၁၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မြို့နယ်ပညာရေးမှူးဖလား၊ အခြေခံပညာကျောင်းပေါင်းစုံ၊ အသက်(၁၁)အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက ၈၁လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြားရှိ အမှတ်(၂၁) အခြေခံပညာမူလတန်းကျောင်း အားကစားပြိုင်ကွင်းတွင် ပြုလုပ်သည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ပညာရေးနယ်မြေ(၄/ခ)အသင်းနှင့် ပညာရေးနယ်မြေ(၅/ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးနယ်မြေ(၅/ခ)အသင်းက အချိန်ပိုတွင် တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အခမ်းအနားသို့ ခရိုင်ပညာရေးမှူး ဦးသိန်းဒန်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဝင်းမျိုး ထွန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်လင်းဦးနှင့် ဦးသိန်းလွင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေးနှင့် ဒုတိယမြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပွဲစဉ်တစ်လျှောက် ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့် ဂိုးသမားဆုရရှိသူများ၊ ဂိုးသွင်းအများဆုံး ဆုရရှိသူတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ပညာရေးနယ်မြေ(၄/ခ)အသင်းကို ဒုတိယမြို့နယ်ပညာရေးမှူး၊ လက်ထောက်မြို့နယ်ပညာရေးမှူးများနှင့် ပညာရေးနယ်မြေခေါင်းဆောင်များကလည်းကောင်း၊ ပထမဆုရရှိသော ပညာရေးနယ်မြေ(၅/ခ)အသင်းကို ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌတို့ကလည်းကောင်း အသီးသီးဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၉၃)**

## မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်

**သရက် ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်ခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက မြို့လယ်မှော်ရုံတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးသန့်ဇင်မင်းက မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် အမှတ်(၃)နှင့် အမှတ်(၄)ရပ်ကွက်နေပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာများကို လက်တွေ့အသိပညာပေးပြသခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ရပ်ကွက်နေပြည်သူများမှ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှုအား တာဝန်ရှိသူတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

# မြို့တော်ဝန် ဦးကျော်ဆန်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၂/၂၀၂၅)သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား၊ ဆုများ ချီးမြှင့်ပေးအပ်

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၂/၂၀၂၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်းနှင့် ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများ၊ သင်တန်းတွင် လာရောက်ပြသပေးခဲ့ကြသည့် ပြင်ပဌာနဆိုင်ရာအသီးသီးမှ သင်တန်းနည်းပြများနှင့် ဌာန(၁၄)ခုမှ သင်တန်းသားဝန်ထမ်း ၃၀ ဦးတို့ တက်ရောက်ကြသည်။

ဦးစွာ မြို့တော်ဝန် ဦးကျော်ဆန်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် (၄-၈-၂၀၂၅)မှ (၂၉-၈-၂၀၂၅)ရက်အထိ ရက်သတ္တပတ်(၄)ပတ်တာ ဖွင့်လှစ်ခဲ့သည့် သင်တန်းမှ ကော်မတီ၏ ဌာနကြီး(၁၄)ခု၏ သိသင့်သိထိုက်သည့်လုပ်ငန်းသဘောသဘာဝ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ရုံးစာရေးသားနည်း၊ ရုံးစာများ စနစ်တကျထိန်းသိမ်းနည်း၊ အချိန်မီပြီးပြည့်စုံသည့် ရုံးစာများကို စနစ်တကျ မှန်ကန်စွာဖြင့် ပြုစုရေးသားတင်ပြနည်း၊ နိုင်ငံ့ဝန်ထမ်းတိုင်းထမ်းဆောင်ရမည့် တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့် စည်းကမ်း၊ နိုင်ငံသားတစ်ဦး လိုက်နာစောင့်ထိန်းရမည့် ဥပဒေပညာရပ်ဆိုင်ရာ အခြေခံအသိပညာများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေ၊ လုံခြုံရေးဆိုင်ရာ အသိပညာ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာရပ်ဆိုင်ရာ အသိပညာ၊ ကျန်းမာရေးဆိုင်ရာ အသိပညာနှင့် အထွေထွေဗဟုသုတများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အသိပညာနှင့် သင်တန်းပို့ချသူ ဆရာ၊ ဆရာမများ၏ အတွေ့အကြုံများစသည်တို့ကို ကော်မတီတွင်းမှသာမက ပြင်ပနည်းပြများကို ဖိတ်ကြား၍ အချိန်တိုအတွင်း သင်ကြားပေးခဲ့ပြီး ဖြစ်ပါကြောင်း။

သင်တန်းဆင်းဝန်ထမ်းများအနေဖြင့် သင်တန်းက သင်ကြားပေးလိုက်သည့် သဘောတရားများအပေါ် အခြေခံ၍ မိမိ၏လုပ်ငန်းခွင်မှာ ဆက်လက်လေ့လာကြိုးစားကြရန် လိုအပ်ပြီး ဌာနမှ ပေးအပ်သည့် တာဝန်ကို အချိန်တိုအတွင်း ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်တတ်ရန် လိုအပ်ကြောင်း။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော်အတွင်း နေထိုင်သည့် ပြည်သူများထံမှ ဥပဒေနှင့်အညီ ထိုက်သင့်သည့် အခွန်အခများ ကောက်ခံပြီးမှ ရရှိလာသည့် ဘဏ္ဍာငွေအပေါ်မူတည်ကာ နှစ်အလိုက် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရခြင်းဖြစ်သည့်အတွက် ဘဏ္ဍာနှစ်အလိုက် ဌာနအသီးသီး၏ သတ်မှတ်လျာထားပြီးဖြစ်သည့် အခွန်အခများကို လျာထားချက်အတိုင်း အပြည့်အဝရရှိရေး ကြိုးစားကောက်ခံဆောင်ရွက်ပေးဖို့ကိုလည်း မှာကြားလိုကြောင်း။ ကောက်ခံရရှိလာသည့် အခွန်အခငွေများကို ဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာပြီး လေလွင့်ဆုံးရှုံးမှုမရှိစေရေးအပြင် ကော်မတီပိုင်ပစ္စည်းများကိုလည်း မိမိပိုင်ပစ္စည်းကဲ့သို့ စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းသုံးစွဲ ဆောင်ရွက်ပေးကြဖို့ မှာကြားလိုကြောင်း။




ဝန်ထမ်းများအနေဖြင့် အထက်မှ ပေးအပ်သည့် အမိန့်နှင့် တာဝန်ကို လေးစားစွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရမှာဖြစ်ပြီး သို့မှသာ နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းတစ်ယောက် နောင်တွင် ဖြစ်လာကြမှာဖြစ်ကြောင်း။ ကော်မတီသို့ နေ့စဉ်လာရောက်ပြီး စည်ပင်သာယာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူရန် လျှောက်ထားလာမည့် ပြည်သူများ၏ တင်ပြချက်များ၊ လျှောက်ထားလာမှုများကို မိမိကြောင့် ကြန့်ကြာမှု မရှိစေဘဲ အဆင့်ဆင့်လျင်မြန်စွာ စိစစ်တင်ပြဆောင်ရွက်ပေးကြဖို့ကိုလည်း မှာကြားလိုကြောင်း။

သင်တန်းသားများကို အထူးမှာကြားလိုသည်မှာ ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်များကို သိရှိပြီးဖြစ်၍ ရောက်ရှိဌာနနေရာများတွင် မိမိကာလ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးကြရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ပြောဆိုလိုက်နာဆောင်ရွက်ကြရန်၊ ဝန်ထမ်းကောင်းတစ်ဦးဖြစ်အောင် စိတ်ထားကောင်းဖြင့် မိမိတို့လုပ်ငန်းများကို ဆောင်ရွက်ပေးကြရန်၊ ဝန်ထမ်းအချင်းချင်း၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်၊ ငွေကြေးဆိုင်ရာကိစ္စရပ်များကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်ပေးကြရန်၊ တာဝန်သိ၊ တာဝန်ယူသည့် ပြည်သူလူထုအတွက် လုပ်ကျွေးပြုစုနိုင်သည့် ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာအောင် ကြိုးပမ်းကြရန်၊ မည်သည့်လုပ်ငန်းမဆို စေတနာအပြည့်အဝထားရှိ လုပ်ဆောင်ပေးကြရန်၊ လုံခြုံရေးသတိအမြဲရှိကြရန်တို့ဖြစ်ကြောင်း။

"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့်အတိုင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအနေဖြင့် မြို့တော်နေပြည်သူများအတွက် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများကို စေတနာထား၍ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးကြပါ။ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ထမ်းဆောင်ပေးကြရန်နှင့် မိမိအား ပေးအပ်ထားသည့်တာဝန်ကို ကျေပွန်အောင် နေ့စဉ်ကြိုးစားဆောင်ရွက်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် လက်ဆင့်ကမ်းတာဝန်ယူ ကြိုးစားဆောင်ရွက်ကြပါဟု တိုက်တွန်းပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်က သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးကိုလည်းကောင်း၊ ကော်မတီဝင် (၁)နှင့် (၂)တို့က ပြင်ပဌာနဆိုင်ရာအသီးသီးမှ သင်တန်းနည်းပြဆရာ၊ ဆရာမများအား အမှတ်တရလက်ဆောင်ပစ္စည်းများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများသည် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးတို့ပူးပေါင်း၍ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပြသ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးမြို့အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးတို့ ပူးပေါင်း၍ ခရီးသွားမြှင့်တင်ရေးပြသမှုကို ဩဂုတ် ၂၈ရက် ညနေ ၆ နာရီက ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ၁၀၂ (အေ)လမ်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြားရှိ မန္တလေးမြို့ အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးတွင်ကျင်းပရာ အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ် Shri Sundeep Kausha၊ ဒုတိယကောင်စစ်ဝန်နှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်လတ်နှင့် အမှုဆောင်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပြပွဲတွင် မန္တလေးမြို့ အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်နှင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က မြန်မာ-အိန္ဒိယ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကိုပြောကြားပြီး အိန္ဒိယနိုင်ငံမှ Wow India Travels မှ Mr.Anuj Dwi-vediu က Destination Jam-muand Kashmir ၏ ခရီးသွားအုံဖွယ်များနှင့် ထူးခြားသည့် အလှတရားများအကြောင်းကိုလည်းကောင်း၊ Ms. Palae Win က အိန္ဒိယခရီးသွားလုပ်ငန်းများကိုလည်းကောင်း ဗီဒီယိုများဖြင့်ပြသပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဦးကျော်မျိုးထိုက်က မြန်မာ-အိန္ဒိယခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာများကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၀၄၅)**



# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ဧက ၈၀၀ စိုက်ပျိုးပြီးစီး



**မိတ္ထီလာ ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ဧက ၈၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ဆည်ရေ၊ ကန်ရေများဖြင့် မိုးစပါးစိုက်ဧက ၈၀၀ အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသွားရန် လျာထားသတ်မှတ်ပြီး လျာထားချက် ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံစိုက်ပျိုးရေးတောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၁၁ အုပ်စု၊ ကျေးရွာ ၁၇ ရွာရှိ တောင်သူ ၄၁၅ ဦးမှ ကွင်း ၂၀ ဖြင့် ဧက ၈၀၀ စိုက်ပျိုးထားသည်။

မိတ္ထီလာမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် မိုးစပါးများမှာ ထမုန်ကန်ကျေးရွာအုပ်စု၊ စက်ပစ်တောင်ကျေးရွာရှိ တောင်သူ ၈၇ ဦးမှ ကွင်း နှစ်ကွင်းဖြင့် ဧက ၁၅၀၊ ညောင်ကိုင်းကျေးရွာအုပ်စု ညောင်ကိုင်းကျေးရွာရှိ တောင်သူ ၄၇ ဦးမှ ကွင်း တစ်ကွင်းဖြင့် ဧက ၈၀၊ ခင်လူးကျေးရွာအုပ်စု၊ ခင်လူးကျေးရွာရှိ တောင်သူ ၆၅ ဦးမှ ကွင်း တစ်ကွင်းဖြင့် ဧက ၁၀၀၊ လျှော်ဖြူကန်ကျေးရွာ အုပ်စု၊ လျှော်ဖြူကန်ကျေးရွာရှိ တောင်သူ ၂၇ ဦးမှ ကွင်း တစ်ကွင်းဖြင့် ဧက ၈၀၊ ကန်သာကျေးရွာအုပ်စု၊ ကျွန်းဖိုးပင်ကျေးရွာရှိ တောင်သူ ၁၉ ဦးမှ ကွင်း နှစ်ကွင်းဖြင့် ဧက ၅၀၊ ညောင်ကန်ကျေးရွာအုပ်စု၊ ညောင်ကန်ကျေးရွာရှိ တောင်သူ ၂၅ ဦးမှ ကွင်း တစ်ကွင်းဖြင့် ၅၃ ဧက၊ သဲကုန်းကျေးရွာရှိ တောင်သူ တစ်ဦးမှ ကွင်းတစ်ကွင်းဖြင့် ၁ ဧက၊ ကံကြီးကျေးရွာရှိ တောင်သူ ၁၅ ဦးမှ ကွင်း တစ်ကွင်းဖြင့် ၂၄ ဒသမ ၅ဧက၊ ကျောင်းရွာကျေးရွာအုပ်စု၊ ကျောင်းရွာရှိ တောင်သူ ၁၆ ဦးမှ ကွင်း တစ်ကွင်းဖြင့် ၃၁ ဒသမ ၅ ဧက၊ ကျီးပင်ခွကျေးရွာရှိ တောင်သူ ၂၁ ဦးမှ ကွင်း တစ်ကွင်းဖြင့် ဧက ၅၀၊ ကျောက်တိုင်ကျေးရွာရှိ တောင်သူ ၁၀ ဦးမှ ကွင်း တစ်ကွင်းဖြင့် ဧက ၂၀၊ ကွက်ငယ်ကျေးရွာအုပ်စု၊ ကွက်ငယ်ကျေးရွာရှိ တောင်သူ ၁၈ ဦးမှ ကွင်း တစ်ကွင်းဖြင့် ဧက ၄၀၊ ဇီးချိုကုန်းကျေးရွာရှိ တောင်သူ နှစ်ဦးမှ ကွင်း တစ်ကွင်းဖြင့် ၂ ဧက၊ ဒဟတ္တန်းကျေးရွာရှိ တောင်သူ ၁၀ဦးမှ ကွင်း တစ်ကွင်းဖြင့် ၃၁ ဧက၊ မြာကျေးရွာအုပ်စု ရေဝေ ကျေးရွာရှိ တောင်သူ ၁၁ ဦးမှ ကွင်း တစ်ကွင်းဖြင့် ၃၆ ဧက၊ အိုင်ကြီးလည်ကျေးရွာအုပ်စု၊ အိုင်ကြီးလည်ကျေးရွာရှိ တောင်သူ ၂၉ ဦးမှ ကွင်း နှစ်ကွင်းဖြင့် ၃၈ ဧကနှင့် အလည်ရွာကျေးရွာ အုပ်စု၊ အလည်ရွာကျေးရွာတွင် တောင်သူ ၁၂ ဦးမှ ကွင်း တစ် ကွင်းဖြင့် ၁၃ တို့ကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)(၄၆၉)**

# အသိပေးကြေညာခြင်း

မန္တလေးမြို့တော်အား သန့်ရှင်းသာယာလှပသော ခေတ်မီမြို့တော်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အဓိကလမ်းမကြီးများ၊ လမ်း၊ ပလက်ဖောင်း၊ ရေမြောင်းများပေါ်တွင် ကျူးကျော်စုပုံ တည်ခင်းပစ္စည်းထားရှိခြင်း၊ ကျူးကျော်ဆောက်လုပ်ထားရှိခြင်း၊ ကျူးကျော်ရောင်းချခြင်းများကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ အောက်ဖော်ပြပါ တားမြစ်ချက်များကို လိုက်နာရန် ဖြစ်ပါသည်။**

ပုဒ်မ-၁၀၆(စ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာလမ်း၊ စင်္ကြံ၊ ပလက်ဖောင်းများပေါ်တွင် ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂများ ချထားခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပစ္စည်းများစုပုံခြင်း၊ ရောင်းချခြင်း၊ ခင်းကျင်းခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း၊ နေလှန်းခြင်း မပြုရ။

ပုဒ်မ-၁၀၆(တ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကားပါကင်၊ မီးစက်၊ ထရန်စဖော်မာတို့ကို ခွင့်ပြုချက်မရှိဘဲ လမ်းနယ်နိမိတ်အတွင်း သုံးစွဲချထားခြင်း မပြုရ။

ပုဒ်မ-၁၀၉(ဂ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင် သို့မဟုတ် ကုန်တိုက်များ၊ ကိုယ်ပိုင်ဈေးများ ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

ပုဒ်မ-၁၀၉(စ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း နံရံကပ်ဆိုင်ဖွင့်လှစ်ရောင်းချခြင်း မပြုရ။ လှေကားခွင်တွင် ဆိုင်ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

**သို့ဖြစ်ပါ၍ တားမြစ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက အောက်ဖော်ပြပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။**

ပုဒ်မ-၁၁၂(က) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများအား ကော်မတီပိုင်အဖြစ် သိမ်းဆည်းခြင်း၊ ဒဏ်ကြေးငွေ အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ မှ အများဆုံး ငွေဒဏ် ကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်း၊

ပုဒ်မ-၁၁၂(ခ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ရရှိသူဖြစ်ပါက သတိပေးခြင်း၊ ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

ပုဒ်မ-၁၁၅။ ထပ်မံကျူးလွန်ပါက အနည်းဆုံး ငွေဒဏ် ကျပ် ၂၀၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀၀၀ ထိ ဖြစ်စေ၊ ထောင်ဒဏ်(၁)လထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ပြပွဲ ကျင်းပ



**ဇမ္ဗူသီရိ ဩဂုတ် ၂၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ဟောပြောပွဲတွင် ဇမ္ဗူသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်ကအားထားရသည့် လူကောင်းလူတော်များ ဖြစ်လာစေရန်၊ ဇလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ "လူငယ်နှင့် စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပြီး နေပြည်တော်တရားမျှတမှုစင်တာမှ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝင့်ဝင့်အေးက ဥပဒေဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကလေးစာဖတ်ခန်း၌ ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**မိုင်းဆတ် ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းက ပုံပြင်ပြောပြိုင်ပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပုံပြင်ပြောပြိုင်ပွဲကျင်းပရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရရှိကာ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရှာမှီးရရှိစေရန်နှင့် ပါဝင်ယှဉ်ပြိုင်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြို့ဝင်ဆိုင်းဘုတ်အနီးပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်



**မူဆယ် ဩဂုတ် ၂၉**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနသည် မြို့တွင်း ရေစီးရေလာကောင်းမွန်ရေး၊ မြို့သန့်ရှင်းသာယာလှပရေးများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက် ၇ နာရီက မူဆယ်မြို့ဝင်ဆိုင်းဘုတ်အနီးရှိ မြေယာရှုခင်း (Land Scape)တွင် မြက်ဖြတ်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ ပန်းပင်များစိုက်ပျိုးခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မြေထိန်းနံရံဆေးသုတ်ခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး (ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ကျော်သူ(အင်ဂျင်နီယာမှူး)တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၀)**

# တောင်သမန်မြေမှ အထင်ကရပွဲတော်

ခိုင်ခန့်(အမရပူရ)

အမရပူရမြို့၏ အထင်ကရတစ်ခုဖြစ်သော ပုပ္ပားမယ်တော်ကြီးနတ်နန်းမှာ မတ် ၂၈ ရက်က လူပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြီးဒဏ်ကြောင့် ပြားပြားဝပ်ပြိုကျခဲ့လေပြီ။ သို့ရာတွင် ယခုနှစ်တွင်လည်း ရိုးရာမပျက်ပင် ရတနာ့ဂူပွဲတော်ကြီးကို အမှတ်ရလွမ်းမိသည်။ ယခုနှစ်တွင်ကျင်းပနေသော ရတနာ့ဂူပွဲတော်ကြီးမှာ နှစ်စဉ် ပြီးဆုံးနေကြ ဝါခေါင်လကွယ်နေ့တွင် ပြီးဆုံးသွားပြီဖြစ်သည်။

ရတနာ့ဂူပွဲဈေးတန်းတွင် လာရောက်ရောင်းချသော (၁၂)ပွဲဈေးဆိုင်(နယ်လှည့်ရောင်းချသောဈေးဆိုင်)များမှာ ရတနာ့ဂူပွဲတော်ပြီးဆုံးတော့ နောက်ပွဲကူးကို စောင့်ဆိုင်းရင်း ဆက်လက်ရောင်းချနေဆဲပင်။ နောက်ထပ်(၁၅)ရက်အကြာ တော်သလင်းလပြည့်ကျော် ၂ ရက်တွင် ကျင်းပမည့် တောင်သမန်ဘိုးဘိုးကြီးနတ်ပွဲသို့ ပွဲကူးကာ ရောင်းချကြမည်ဖြစ်သည်။ နောက်(၁၀)ရက်ခန့်ကြာပြီးချိန်တွင် ထိုဈေးဆိုင်များမှာ တောင်သမန်သို့ ပြောင်းရွှေ့သွားကြလေပြီ။ မကြာမီ နတ်ဒိုးသံများနှင့်အတူ တောင်သမန်တစ်ခွင်တစ်ပြင်လုံး နိုးထလာကာ ဘိုးဘိုးကြီးနတ်ပွဲ စတော့မည်။

တောင်သမန်မြေ၏ အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်သော ဘိုးဘိုးကြီးနတ်ပွဲသည်ကား အမရပူရမြို့သူ၊ မြို့သားများနှင့်မစိမ်းလှ၊ ပွဲတော်ချိန်တွင် အမရပူရမြို့ကသာမက မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ တံတားဦး၊ မြစ်ငယ်၊ မြစ်တူး တို့မှလည်း ပွဲတော်ဆီသို့ အရောက်လာလေ့ရှိသည်။ အချို့နယ်ဝေးမှ ဘုရားဖူးလာရောက်ကြသူများပင် ဦးပိန်တံတားသို့လာရောက်လည်ပတ်ရင်း ဘိုးဘိုးကြီးနတ်နန်းသို့ မဖြစ်မနေ အရောက်သွားတတ်ကြသည်သာ။

အမရပူရမြို့တွင် မွေးဖွားကြီးပြင်းခဲ့သူတိုင်း ရတနာ့ဂူပွဲပြီးလျှင် တောင်သမန်ဘိုးဘိုးကြီးပွဲ ဆက်လက်ကျင်းပလေ့ရှိသည်ကို အားလုံးနီးပါး သိထားကြသည်။ ဘိုးဘိုးကြီးနတ်ပွဲအချိန်သို့ ရောက်လျှင် သွားရောက်နတ်ပန်းဆက်ကြသည်မှာ ယနေ့တိုင်ပင်။ ထိုနတ်ပန်းလေးများကို အိမ်ခြံဝင်းတံခါးတွင် ထိုးထားလေ့ရှိရာ သူ့အိမ်၊ ကိုယ့်အိမ် ခြံဝင်းတံခါးပေါ်တွင် ဘိုးဘိုးကြီးပွဲပြန်နတ်ပန်းလေးများ ထိုးထားကြသည်သာ။

တောင်သမန်မြေ၏ အကြီးကျယ်ဆုံးပွဲမှာ ဘိုးရေကြီးနတ်ပွဲဖြစ်၏။ ဘိုးဘိုးကြီးပွဲဟု လူသိများသည်။ တော်သလင်းလပြည့်ကျော် ၂ ရက်မှ ၁၀ ရက်အထိ ကျင်းပလေ့ရှိရာ လပြည့်ကျော် ၃ ရက် မွန်းလွဲ ၁ နာရီတွင် ချိုးရေတော်သုံး (နတ်ရေချိုး)နတ်ဖောင်လှည့်အခမ်းအနားကို တောင်သမန်အင်းအတွင်း ကျင်းပလေ့ရှိသည်။

အမရပူရမြို့သူ၊ မြို့သားများသည် ဘိုးဘိုးကြီး၏ ချိုးရေတော်သုံးနတ်ဖောင်လှည့်ပွဲနေ့တွင် သွားရောက်လေ့ရှိ၏။ ထိုနေ့တွင် ဦးပိန်တံတားပေါ်နှင့် တောင်သမန်အင်းကမ်းစပ်များတွင် လူများ ကြိတ်ကြိတ်တိုးကာ ချိုးရေတော်သုံးပွဲကို ကြည့်လေ့ရှိကြသည်။



ဖောင်လှည့်ပွဲကို ရိုးရာမပျက်ဆင်နွဲပုံမှာ စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။ ပွဲတော်တွင် နတ်ရုပ်တုပုံတော်များအား ဖောင်ပေါ်သို့ တင်ဆောင်ပြီး တူညီဝတ်စုံဝတ်ဆင်ထားသော လှေတော်သားများက ဖောင်ကြိုးဖြင့် ဆွဲကြသည်။ ထိုဖောင်ဆွဲလှေတော်သားများမှာ တဲနန်းသာ၊ ရွာသစ်၊ နွားနို့တော်စု၊ တောင်သမန်၊ ဆီမီးထွန်းနှင့် အိုးဘိုရွာတို့မှဖြစ်ကြ၏။ ဖောင်တော်ပေါ်တွင် နတ်ဝတ်နတ်စားဝတ်ဆင်ထားသော နတ်ကတော်များက ဆိုင်းသံနှင့်အတူ ညင်သာစွာ ကပြလာကြပြီး ရှေးဦးစွာ ဘိုးဘိုးကြီး 'သက်ပျောက်တိုင်' ကို ဖောင်တော်နှင့် ဦးတိုက်ကြသည်။ ထိုသက်ပျောက်တိုင်မှာ ယခင်က ကျွန်းသားတိုင်ဖြစ်သော်လည်း တံငါလုပ်ကိုင်သူများမှ ထိုသက်ပျောက်တိုင်တွင် ဦးတိုက်ကာ တိုင်တည်ဆုတောင်းပြီး ငါးဖမ်းလျှင် ငါးများစွာ ရရှိသောကြောင့် နောက်ပိုင်းတွင် တံငါသည်များ စုပေါင်း၍ အုတ်တိုင် ပြုလုပ်ခဲ့ကြသည်။

နတ်ဖောင်လှည့်ရာတွင် ဖောင်တော်နောက်မှ ပရိသတ်များမှာ ရိုးရိုးလှေများ၊ ငှက်လှေများနှင့် လိုက်ပါလာပြီး ဦးပိန်တံတားမှ တောင်သမန်အင်းတောင်ဘက် တဲနန်းသာရွာနှင့် ရွာသစ်ကြားရှိ ဘိုးဘိုးကြီး၏ ယာယီတဲနန်းသို့ ပင့်ဆောင်ကြသည်။ ဒေသခံများက ငှက်ပျောပွဲများနှင့်ကြိုဆိုသည့် မြင်ကွင်းမှာ မမေ့ရက်နိုင်စရာ ရိုးရာဓလေ့မြင်ကွင်းပါပေ။

ယာယီတဲနန်းဆောင်တွင် နတ်ချော့ခြင်း (နတ်ကခြင်း)များ ပြုလုပ်ကြပြီး တောင်သမန်ရွာရှိ နန်းရင်းသို့ ဖောင်ဖြင့်ပို့ဆောင်ကာ တော်သလင်းလပြည့်ကျော် ၁၀ရက်အထိ အစဉ်အလာအတိုင်း နတ်ပွဲကျင်းပလေ့ရှိသည်။

ထိုချိုးရေတော်သုံးသည့် နေ့သည် နတ်ပွဲလာသူများနှင့် အစည်ကားဆုံးဖြစ်ပြီး ဦးပိန်တံတားညွတ်မျှ လာရောက်ကြသည်။ ဒေသခံရွာများမှလည်း ခင်မင်ရာမိတ်ဆွေများကို ရွာလုံးကျွတ်မျှ မုန့်များဖြင့် ဧည့်ခံကျွေးမွေးလေ့ရှိသည်မှာ ချစ်စရာဓလေ့တစ်ခုပါပေ။ ပွဲတော်ဈေးတန်းမှာ ဦးပိန်တံတားအရှေ့ထိပ်မှ ဘိုးဘိုးကြီးနတ်နန်းအထိ လမ်းဘေးဝဲ၊ ယာတွင် ပွဲဈေးဆိုင်များနှင့် ပြည့်နှက်နေသည်သာ။ နတ်ပွဲလာသူများမှာ ပွဲဈေးတန်းကိုဖြတ်၍ ဘိုးဘိုးကြီးနတ်နန်းတွင် ပန်းဆက်ကာ အပြန်တွင် မုန့်များ၊ အမှတ်တရလက်ဆောင်များ ဝယ်လေ့ရှိသည်ဖြစ်ရာ အထူးသဖြင့် ကလေးများအတွက် ဗန္ဒုလဓားနှင့် ဦးထုပ်များဖြစ်ပြီး မိန်းကလေးများအတွက် အမှတ်တရဆွဲကြိုး၊ ရောင်စုံအိုးပုတ်များ ဝယ်လေ့ရှိသည်။

နတ်ပွဲလာသူအများစုမှာ အိမ်အပြန်လက်ဆောင်မုန့်အဖြစ် ကရေကရာ၊ စီးလုံး၊ အညာသားကျောကုန်းစသည့် မုန့်များဝယ်ကြသော်လည်း လူကြီးအများစုမှာ ကောက်ညှင်းဖြင့် ပြုလုပ်သည့် မုန့်ခေါပြင်ကို ပိုကြိုက်သည်။ အဖြူပြင်ပေါ်တွင် အနက်ရောင်အလှာလွှမ်းထားသည့် ခေါပြင်အချပ်ကြီးကို ကတ်ကြေးဖြင့် တချက်ချက်ညှပ်ကာ အုန်းသီး၊ မြေပဲဆန်ဖြူးပေးထားပြီး ဆီဆမ်းထားသော မုန့်ခေါပြင် အမြည်းစားရင်း အိမ်အတွက် ဝယ်လေ့ရှိသည်။ လူငယ်အမျိုးသားများအတွက်မှာ ရွာထဲရှိ ထန်းရည်ဆိုင်များသည်သာ လူအစည်ဆုံးဖြစ်လေသည်။ ကြွပ်ရွစွာ ကြော်ထားသော လယ်ကြွက်ကြော်နှင့် ထန်းပင်ကျရည်မှာ အလိုက်ဖက်ဆုံး၊ ရောင်းအားအကောင်းဆုံးဖြစ်သည်။

ထူးခြားချက်တစ်ခုမှာ ဘိုးဘိုးကြီးပွဲလာသူများ အာလုံး ကျားဟူသော အသုံးအနှုန်းကို ရှောင်ကြဉ်ကြခြင်းပင်။ တောင်သမန်ဘိုးဘိုးကြီး ဒေသအခေါ် 'ဘိုးရေကြီး' မှာ စိုက်ပျိုးမြေတွင် ထွန်ယက်နေရင်း ကျားကိုက်ခံရသည့်အတွက် သေဆုံးရခြင်းဖြစ်ရာ တောင်သမန်ဒေသတစ်ခုလုံး ကျားပုံအသုံးပြုကြခြင်းမရှိကြ။ ဘိုးဘိုးကြီးနတ်နန်းအနီးနှင့် ဦးပိန်တံတားပေါ်တွင် 'ကျား' ဟူ၍ကြုံးဝါးခြင်းမပြုရဟု ဆိုစမှတ်ရှိသည်။ ထို့ကြောင့် တောင်သမန်ဝန်းကျင်ဒေသများတွင် ကျားကို 'တောကောင်' ဟု ခေါ်ကြခြင်းပင်။

ကိုယ်တွေ့ကြုံဖူးသည်မှာ မတ် ၂၈ ရက် ငလျင်ကြီးမလှုပ်မီအထိ နောက်ဆုံးတင်ခဲ့သော ပုထိုးတော်ကြီးဘုရား စိန်ဖူးတော်တင်အောင်ပွဲအဖြစ် ဦးမောင်မောင်ဆပ်ကအဖွဲ့ပါရှိရာ ထိုဆပ်ကအဖွဲ့တွင် ဆင်များ၊ ကျားများအသုံးပြု၍ တင်ဆက်သော အခန်းပါရှိလေသည်။ ထိုဆပ်ကအဖွဲ့မှ သယ်ဆောင်လာသည့် ကျားနှစ်ကောင်ထည့်ထားသော သံလှောင်အိမ်များကို ပုထိုးတော်ကြီးဘုရားတောင်ဘက် တောင်သမန်အင်းစပ်တွင် ခေတ္တနေရာချထားရာ ထူးခြားသည်မှာ ထိုကျားနှစ်ကောင်မှာ လုံးဝငြိမ်သက်မှုမရှိဘဲ မာန်ဖီဟိန်းဟောက် သောင်းကျန်းသဖြင့် တောင်သမန်မြေနှင့် လွတ်ကင်း သော 'တန့်ကြည်တောင်ကျောင်းတိုက်' သို့ ရွှေ့ပြောင်းပေးလိုက်မှ ထိုကျားနှစ်ကောင်မှာငြိမ်သက်သွားခြင်းပင်။ ထိုဆပ်က အဖွဲ့တွင် ကျားပါဝင်သည့် အခန်းကို ချန်လှပ်ထားခဲ့ရသည်မှာ ကိုယ်တွေ့ပင်ဖြစ်သည်။

ဒုတိယထူးခြားချက်မှာ တော်သလင်းလပြည့်ကျော် ၅ ရက်မှ ၁၀ ရက်အတွင်း ဘိုးဘိုးကြီးနတ်ပွဲတော် အထိမ်းအမှတ်အဖြစ် မည်သည့်နတ်ပွဲမှ မကျင်းပ မပြုလုပ်သော မြန်မာ့ရိုးရာလှေပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။ ထိုလှေပြိုင်ပွဲမှာ နှစ်စဉ်ကျင်းပနိုင်ခြင်းမျိုးမဟုတ်ဘဲ လှေပြိုင်ပွဲမပြုလုပ်သော နှစ်များလည်းရှိသည်။ လှေပြိုင်ပွဲကို တောင်သမန် အင်းဝန်းကျင်ရှိ ဘုန်းအိုင်၊ ရွှေဂွမ်းထုပ်၊ တရုတ်တန်း၊ သရက်တန်း၊ နွားနို့တော်စု၊ ရွာသစ်၊ တဲနန်းသာ စသည့် ကျေးရွာများမှ ပါဝင်ယှဉ်ပြိုင်လေ့ရှိသည်။ ဆုကြေးငွေမှာ ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သိန်း၊ တတိယဆုငွေကျပ် သုံးသိန်းအထိ ပေးခဲ့ဖူးလေသည်။ ထိုလှေပြိုင်ပွဲကို ဦးပိန်တံတားအရှေ့ထိပ်ပိုင်းနှင့် လှေပြိုင်ပွဲပြုလုပ်ရာ တောင်သမန်အင်းကမ်းစပ်တစ်လျှောက်တွင် အားပေးကြည့်ရှုသည့် ပရိသတ်မှာ အလွန်များပြားစည်ကားလှသည်။ သူ့ရွာကိုယ့်ရွာမှ အသင်းများကို အပြိုင်အော်ဟစ်အားပေးသံများနှင့် ဆူညံနေလေ့ရှိသည်။

ဘိုးဘိုးကြီးနတ်ပွဲ၏ တတိယထူးခြားချက်မှာ ဘိုးဘိုးကြီးသည် 'ဘိုးရေကြီး' ဟု ခေါ်တွင်ခဲ့သော လူ့ဘဝက ထန်းတက်ခဲ့သည်ဖြစ်ရာ တော်သလင်း လပြည့်ကျော် ၁၀ ရက်တွင် အခြားနတ်ပွဲများကဲ့သို့ ထိန်ခုတ်ပြီးချိန်တွင် အခြားနတ်ပွဲများတွင် မပါဝင်သည့် ထန်းချိုင်ပွဲကို ကျင်းပကာ ပွဲတော်ကို ပိတ်သိမ်းခြင်းဖြစ်သည်။

ယခုနှစ်တွင်လည်း ဘိုးဘိုးကြီးနတ်ပွဲကျင်းပချိန်ရောက်ရန် ရက်ပိုင်းသာ လိုတော့ပြီ။ ဦးပိန်တံတားကြီးမှာလည်း မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်းအားပြင်းငလျင်ကြီးဒဏ်ကို ခံစားထားရသည်။ တံတားကြီးနှင့် ဆက်စပ်နေသော ဘိုးဘိုးကြီးနတ်ပွဲ၏ ပွဲဈေးတန်းမှာ ကြိတ်ကြိတ်တိုးနေဦးမည်လား မပြောနိုင်သေးပေ။ မည်သို့ပင်ဆိုစေ တောင်သမန်မြေ၏ ဘိုးဘိုးကြီးနတ်ပွဲကတော့ဖြင့် ရိုးရာမပျက် ကျင်းပနေဦးမည်သာ။ ရိုးရာလှေပြိုင်ပွဲများနှင့်အတူ ကျင်းပလေ့ရှိသော ဘိုးဘိုးကြီးနတ်ပွဲဆီသို့ နတ်ကိုးကွယ်ကြသူများနှင့် တောင်သမန်နှင့် သက်ဆိုင်သူများမှာ ဘိုးဘိုးကြီးနတ်နန်းသို့ အရောက်သွားကာ နတ်ပန်းများ ဆက်သနေကြဦးမည်သာ။

## အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်းတွင် လူငယ်စကားဝိုင်း ကျင်းပ

**ကလေး ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၌ ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းသား၊ ကျောင်းသူများ၏ လူငယ်စကားဝိုင်းကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက အ.ထ.က(ခွဲ)၊ အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။



ရှေးဦးစွာ ကလေးမြို့ အ.ထ.က(ခွဲ)၊ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်းမှ ဆရာမကြီးက အမှာစကား ပြောကြားခဲ့ပြီး ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဇန်က လူငယ်များစာဖတ်သည့် အလေ့အကျင့်ကောင်းများဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးပြု၍ စဉ်းစားတွေးခေါ်မှု စွမ်းရည်မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးလာစေရန်နှင့် လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းမင်းအောင် ဦးဆောင်၍ လူငယ်စကားဝိုင်းကိုစတင်ခဲ့ရာ Grade-11 မှ မောင်ထန်ဇာခိုင်က လူငယ်နှင့် ဂီတ၊ Grade-10 မှ မသန္တာခွန်းဆင့်က လူငယ်နှင့် စာပေ၊ Grade-9 မှ မောင်ပြည့်စုံဖြိုးက လူငယ်နှင့်မူးယစ်ဆေး၊ Grade-9 မှ မချမ်းမြေ့ထွေးက လူငယ်နှင့် နိုင်ငံတကာဆက်ဆံရေး စသည့် အကြောင်းအရာများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ခေါင်းစဉ်များအလိုက် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးကြသည့် ကျောင်းသားကျောင်းသူများကို ကလေးခရိုင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများမှ ခင်းကျင်းပြသထားသည့် နံရံကပ် စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*-*

## ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် လူငယ်နှင့် စာဖတ်ခြင်း အသိပညာပေး (Talk Show) ကျင်းပ

**မန္တလေး ဩဂုတ် ၂၉**

မျိုးဆက်သစ် လူငယ်များ အနာဂတ်ကာလတွင် အသိဉာဏ်ပညာများ တိုးပွားစေရန်နှင့် ဗဟုသုတများ ဖွံ့ဖြိုးစေရန်အတွက် ရည်ရွယ်၍ လူငယ်နှင့် စာဖတ်ခြင်း အသိပညာပေး (Talk Show) ဆွေးနွေးပွဲကို မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။




'လူငယ်နှင့် စာဖတ်ခြင်း' ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်-၃ ဒေါ်မိုးမိုးအောင်နှင့် ရပ်သံကျွမ်းကျင်-၃ ဒေါ်နီလာကျော်တို့မှ ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပြောကြားရာတွင် လူငယ်လူရွယ်များအနေဖြင့် အသိပညာများ ဖွံ့ဖြိုးတိုးတက်မှသာ အမှား၊ အမှန်၊ အကောင်း၊ အဆိုးများကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိကြမည်ဖြစ်သည်။ ထိုသို့ အသိပညာများ တိုးပွားစေရန်မှာ လူငယ်များ စာအုပ်၊ စာပေများကို မှတ်သားဖတ်ရှုကြစေရန် စသည့် စာဖတ်ခြင်းမှ ရရှိနိုင်သောအကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အများပြည်သူများ ဗဟုသုတများစွာ ရရှိစေရန်နှင့် အသိပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်၍ အသိပညာပေး ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် စီစဉ်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ချမ်းမြေ့မောင်(ချမ်း/စံ)




ဖတ်စရာ၊ မှတ်စရာ စုံလင် ယုဇနလေး

## ဝသန်မိုးကျ ရင်းမာလှတဲ့ တော်သလင်းလ

---

* ဘဒြပိုဒ်နက္ခတ် ဝဋ္ဋာလွှမ်းလို့
တိမ်ညိုသန်း လျှပ်ရောင်နွယ်
ခြိမ်းသံကျူးတယ် ။
သွန်းရည်ဖွဲ့ ပုလဲသွယ်
မိုးစက်ရယ် ဖျန်းပေပ ။
ရပ်ရှစ်ခွင် ခွန်းဆက်နှင်းပါတဲ့
တော်သလင်းလ ။

* မိုးဒေဝါ လွှမ်းခြုံသလို
နေ့နဲ့ည တူယှဉ်ကာ
အေးမြချမ်းသာ ။
အာကာတစ်ခွင်ရဲ့ ကမ္ဘလာ
ရောင်စုံအလှာ ဖြန့်ကြက်ဆင့် ။
ကန်ရာသီ ချိန်ခါမြူးပါလို့
ထူးစွဂုဏ်တင့် ။

* ပင်ယံထက်ဝယ် ရင်းမာပွင့်တို့
ချိန်ခါသင့် လှဖြာဝေ
သင်းပျံ့လှိုင်နေ ။
ပန်းပေါင်းစုံတို့ ယှဉ်ကာပေ
ပွင့်ကာလေ လွှမ်းဖြာဆက် ။
နေ လအရောင် ပေါင်းစပ်ခင်းပါလို့
လှပလင်းလက် ။

* မိုးသားနှင့်အတူ လေပြည်သက်လေတော့
လှုပ်ယမ်းလျက် ပင်ကိုင်းဟန်
ကကွက်ဆန်းပြန် ။
ဘုရားကျောင်းတို့ ဓမ္မအသံ
ဝေစည်လျှံ ရှင်လန်းသ ။
ကန်ရာသီ ခေါ် တော်သလင်းရယ်က
ဝါတွင်းအခါလ ။ ။

မင်းမြတ်မိုး(မန်းမြေ)

## တောင်သူနည်းပညာပေး သင်တန်းဖွင့်လှစ်

**မြို့သစ် ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် မကွေး၊ မြို့သစ်၊ နတ်မောက်၊ တောင်တွင်းကြီး မြို့နယ်များရှိ တောင်သူများအား နည်းပညာပေးခြင်းနှင့် သင်တန်းပေးခြင်းတို့ကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်း ခန်းမတွင် ပြုလုပ်သည်။

သင်တန်းတွင် မကွေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အဖွင့်အမှာစကားပြောကြားပြီး မြို့သစ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က စိုက်ပျိုးရေး နည်းပညာပေးသင်တန်းဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ တက်ရောက်လာသော တောင်သူများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ သင်တန်းတွင် ဒေသအတွင်းရှိ တောင်သူများအနေနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာရပ်များ တိုးမြှင့်ရေးနည်းလမ်းအရ လက်တွေ့ကျကျ နည်းပညာရပ်များနှင့် ပေါင်းစပ်ပြီး ပန်းတိုင်အထွက်နှုန်း ရရှိကာ တောင်သူများ ဘဝမြင့်မားတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် တောင်သူနည်းပညာပေးသင်တန်းကျောင်းကို ခရိုင်ကိုယ်စားပြု ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ တောင်သူ နည်းပညာပေးသင်တန်းများကို မြို့နယ်အတွင်းရှိ တောင်သူများနှင့် မကွေး၊ မြို့သစ်၊ နတ်မောက်၊ တောင်တွင်းကြီးမြို့များရှိ တောင်သူများအားလည်း စဉ်ဆက်မပြတ် သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဉာဏ်မြင့်ဦးထံက သိရသည်။

(အောက်ပုံ)

ဝင်းအိစွန်(ပြန်/ဆက်)



## ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်



**မိုင်းခတ် ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်တွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မိုင်းခတ်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးထွန်းက ဆက်သွယ်ရေးဥပဒေဆိုင်ရာ အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ အကြောင်းနှင့် ဆက်သွယ်ရေးကိရိယာဆိုင်ရာ မိုဘိုင်းဖုန်းများ၊ Social Media များ၊ အွန်လိုင်းဆိုင်ရာဂိမ်းများနှင့် Website Application များ စသည့်နည်းပညာများကို အသုံးပြု၍ အုပ်စုဖွဲ့ ငွေကြေးလိမ်လည်မှုဖြစ်စဉ်များ အကြောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးပြည့်ဖြိုးအောင်က ဆက်သွယ်ရေး ဥပဒေပြဋ္ဌာန်းချက် အခန်း(၁၆)စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊ အခန်း(၁၇)အယူခံရုံးဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်း၊ အခန်း(၁၈)ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း ဟောပြောကာ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုနှစ်ခုအား ပရိုဂျက်တာဖြင့် ဆင့်ပွား အသိပညာပေး ပြသခဲ့သည်။

ဆက်လက်ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နော်ဝါဝါမောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်တို့က ဆက်သွယ်ရေးဆိုင်ရာ လိမ်လည်မှုနှင့်ပတ်သက်၍ သိကောင်းစရာများအကြောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မိုင်းခတ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခြေခံပညာအထက်တန်းကျောင်း(မိုင်းခတ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Htet Si Thu Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စစ်ကဲကုန်းရပ်ကွက်နေ ထက်စည်သူအောင်အား နံနက် ၈ နာရီ ၅ မိနစ်တွင် စစ်ကဲကုန်းနယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၅ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ (Community Center) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခိုင်သန္တာလွင်က ကလေးလူငယ်များ၏ ပညာရေးကို ထိခိုက်စေနိုင်သည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာဗဟုသုတများစွာကို ကျောင်းသားလူငယ်များ သိရှိစေရန်အတွက် ပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူးက ကျောင်းသားလူငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဉာဏ်ရည်မြင့်မားစေရန်အတွက် လူငယ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ပြောကြားခဲ့သည်။

**ချမ်းမြေ့မောင်**

၀-၀-၀-၀-၀

## ထင်းရှူးအဆီတုံးများ တရားမဝင် သယ်ဆောင်လာသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**ဟိုပုံး ဩဂုတ် ၂၉**

ဩဂုတ် ၂၅ ရက်က ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၌ ထင်းရှူးအဆီတုံးများ အထောက်အထားမဲ့ တရားမဝင်သယ်ဆောင်လာသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် ကျောက်တန်း-ဟိုပုံးသွားကားလမ်းအရောက်၌ ပင်လုံမြို့ဘက်မှ တောင်ကြီးမြို့ဘက်သို့ တောင်ကြီးမြို့နယ်၊ ချမ်းမြသာစည်ရပ်ကွက်နေ ညီညီထွေး(၄၃)နှစ် ဆိုသူ မောင်းနှင်လာသည့် CANTER အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်ပေါ်မှ အထောက်အထားမဲ့ တရားမဝင်သယ်ဆောင်လာသည့် ထင်းရှူးအဆီတုံးအပိုင်းအစ ၁၅၀၁ ပိဿာအား တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ညီညီထွေး ဆိုသူအား ဟိုပုံးမြို့မရဲစခန်းတွင် သစ်တောဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စက်သုံးဆီ တရားမဝင် သယ်ဆောင်လာသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**တနိုင်း ဩဂုတ် ၂၉**

ဩဂုတ် ၂၅ ရက်က ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၌ စက်သုံးဆီများ တရားမဝင် သယ်ဆောင်လာသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၅ ရက် မွန်းလွဲ ၃ နာရီတွင် တနိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ တိန်ကောက်ကျေးရွာအဝင်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မိုးကောင်းမြို့နယ်၊ ညောင်ထောက်လေးကျေးရွာနေ ဟိန်းဇာအောင် (၂၃)နှစ်ဆိုသူ မောင်းနှင်လာသည့် ADVAN အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်ပေါ်မှ တရားမဝင် သယ်ဆောင်လာသော အဝါရောင် ပလတ်စတစ်ပုံး ၂၂ ပုံးဖြင့် ထည့်ထားသည့် ဒီဇယ် ၉၉ ဂါလန်အား တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဟိန်းဇာအောင်ဆိုသူအား တနိုင်းမြို့မရဲစခန်းတွင် ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ယာဉ် ဖမ်းဆီးအရေးယူ

**စစ်ကိုင်း ဩဂုတ် ၂၉**

ဩဂုတ် ၂၆ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ ဇော်သန့်ဇင်(၃၂)နှစ်ဆိုသူ မောင်းနှင်လာသည့် MIT- SUBISHI PAJERO အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ် ဆေးခဲ့ရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဇော်သန့်ဇင်ဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းတွင် ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀



## ပြင်ဦးလွင်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သစ်ပင်လဲကျ၍ ရှင်းလင်းဖယ်ရှား

**ပြင်ဦးလွင် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၅)၊ မန္တလေး-လားရှိုးလမ်းတွင် ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက်ကြီး(၅)ရှိ လမ်းဘေးတွင် သက်တမ်းရင့် ပင်လယ်ကဗွီးပင်အမြစ်မှ လဲကျ၍ နေအိမ် အုတ်တံတိုင်းအပေါ် ပိမိနေကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင်မြို့နယ်မီးသတ်စခန်းမှ သနွေ့မီးသတ်တပ်ဖွဲ့ဝင်များမှ မီးသတ်ယာဉ်တစ်စီးဖြင့် သွားရောက်၍ ရှင်းလင်းဖယ်ရှားခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(၀၄၅)

ဥပဒေကောင်းအကျင့်း နေထိုင်ခြင်း
ဘေးကင်းရန်ကျွာ လျှန်ချမ်းသာ။

# မန္တလေး နဲ့ ငလျင် ( ဌာပနာအမွေအနှစ်များ – ၈ )

ယနေ့ခေတ်စကားနဲ့ ပြောရရင် ရှာဖွေလေ တွေ့ရှိလေလို့ပဲ နိဒါန်းချီပါရစေ၊ ဘာဖြစ်လို့လည်းဆိုတော့ မန္တလေးမှာ ၂၈-၃-၂၀၂၅ ရက် အင်အားပြင်းငလျင်ကြီး လှုပ်ခတ်ခဲ့ပါတယ်။ ငလျင်ဗဟိုချက်နဲ့ မနီးမဝေးဖြစ်လို့ မန္တလေး၊ အမရပူရ၊ အင်းဝ၊ စစ်ကိုင်း စတဲ့ ရှေးမြို့တော်ဟောင်းတွေမှာ ပျက်စီးဆုံးရှုံးမှုက အများကြီးပါ။ အထူးသဖြင့် သာသနိက အဆောက်အအုံဖြစ်တဲ့ ဘုရား၊ စေတီ၊ ကျောင်းကန်တွေ ၅၀၀၀ ကျော်လောက် ပြိုပျက်ခဲ့ရပါတယ်။ အဲ့ဒီဆုံးရှုံးမှုတွေကို ပူဆွေးဝမ်းနည်းမှုတွေနဲ့ အချိန်ကုန်ခံမနေဘဲ ရှေးဟောင်းသုတေသနဌာနမှ ထိန်းသိမ်းရေးအင်ဂျင်နီယာတွေက အချိန်နဲ့တစ်ပြေးညီ ပျက်စီးမှုစစ်တမ်းတွေ ကောက်ယူခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ ပြန်လည်ပြုပြင်ရန် ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်ပေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ တစ်ဖက်ကလည်း ပြိုပျက်မှုတွေကို ရှင်းလင်းမှုတွေ စတင်လုပ်ကြတော့ ဘုရားစေတီ အတော်များများမှာ ဌာပနာတွေ ထွက်ပေါ်လာပြန်တော့ သုတေသနဝန်ထမ်းများက စာရင်းကောက်ယူ မှတ်တမ်းတင်ခြင်းနဲ့ ခေတ်ကာလ ခွဲခြားသတ်မှတ်ခြင်းတွေကို ဆောင်ရွက်ကြရပြန်ပါတယ်။ ပြိုပျက်တဲ့ဘုရားကို ပြန်လည်တည်ဆောက်မယ်ဆိုရင် အဲ့ဒီဌာပနာတွေကို မူလအခြေအနေအတိုင်း ပြန်လည်ထည့်သွင်း ဌာပနာရမှာပါ။ ဒါကြောင့် သမိုင်းအထောက်အကူပြု သုတေသနပြု လေ့လာရင်း နောင်မျိုးဆက်တွေအတွက် ထူးခြားလက်ရာတွေကိုလည်း လက်ဆင့်ကမ်းတဲ့ သဘောမျိုးပေါ့။ တစ်ဖက်ကလည်း ထူးခြားတဲ့ ဆင်းတုတော်တွေ၊ ရုပ်တုတွေ တွေ့ရှိတဲ့အခါ မှတ်တမ်းတင်ရင်း ကျွန်တော်တို့အနေနဲ့ အများပြည်သူတွေကိုလည်း ဗဟုသုတရအောင် သုတေသနဆောင်းပါးတွေ မနားတမ်းရေးသားတင်ပြနေပါတယ်။ အခုလည်း အမရပူရမြို့ဟောင်း ရွှေဂူမ်းထုပ်အရပ်၊ တရုတ်ဘုံကျောင်းနဲ့ ကျောချင်းကပ်လျက်မှာ တည်ရှိပြီး ငလျင်ကြောင့် ပြိုပျက်ခဲ့ရတဲ့ အေးငြိမ်းချမ်းသာ မောရိယစေတီတော် ( မူရင်းဘွဲ့တော် ဟုတ်ဟန်မတူပါ)ထဲက ထွက်ပေါ်လာတဲ့ ဌာပနာတွေထဲက ထူးခြားတဲ့ ဆင်းတုတော်များအကြောင်းကို သုတေသနရှုထောင့်ကနေ ဗဟုသုတအလို့ငှာ တင်ပြလိုက်ပါတယ်။

ဌာပနာဆင်းတုတော်တွေအကြောင်း မတင်ပြမီ ဌာပနာတွေ ထွက်ပေါ်လာတဲ့ စေတီတော်ရှိရာ ကျောင်းဝင်းထဲက ဌာပနာဘုရားဆင်းတုတော်တွေ ယာယီထိန်းသိမ်းထားတဲ့ မွှေ့ရုံထဲကို မှတ်တမ်းတင်ဖို့ ရောက်ရှိစဉ် တွေ့လိုက်ရတဲ့ မြင်ကွင်းက ရင်ထဲကို ဆို့နင့်လို့ သွားစေခဲ့ပါတယ်။ ငလျင်ကြီးကြောင့် ဌာပနာတွေပေါ်လာလို့ စစ်တမ်းကောက်ယူရတဲ့ ဘုရားဆင်းတုတော်တွေထဲမှာ လက်ရှိအချိန်အထိ ဒီဘုရားက ဌာပနာတွေဟာ အပျက်စီးဆုံးပါပဲ။ ခေါင်းနဲ့ကိုယ် အိုးစားကွဲနေတဲ့ ချိတ်ခံ ငွေဘုရားဆင်းတုတော်အများကြီးပဲ။ တခြားသော ကြေးသွန်း ဌာပနာဘုရား တွေနဲ့ ဗုဒ္ဓဝင်ကြေးရုပ်တုတော်တွေလည်း ပျက်စီးတာပဲ ဒီလောက်ပျက်စီးတာ ပထမဆုံးတွေ့ရတာမို့ စုံစမ်းကြည့်လိုက်တော့ ပြိုပျက်နေတဲ့ စေတီတော်ကို ရှင်းလင်းရေးဘက် ဦးစားပေးလို့ စက်ယန္တရားတွေနဲ့ အမြန်ဆောင်ရွက်လိုက်လို့ အခုလို အခြေအနေတွေ ဖြစ်ကုန်တာပါတဲ့။ ဘာကြောင့် အမြန်ရှင်းရပါသလဲလို့ မေးကြည့်လိုက်တော့လည်း အကြောင်းပြချက်က မယ်မယ်ရရမရှိပါ။ ရှင်းပြီးပြီးရော လုပ်လိုက်တဲ့ အခြေအနေပါပဲ။ အကယ်၍သာ ဌာပနာဘုရားတွေ စတင်တွေ့ရှိချိန်မှာ ဘက်ဟိုးလို စက်ကြီးမသုံးဘဲ ဌာပနာတွေကို လူအားနဲ့ တဖြည်းဖြည်းချင်း ထုတ်ယူခဲ့မယ်ဆိုရင် ၄၀၀ လောက်ရှိတဲ့ ချိတ်ခံငွေဆင်းတုတော်တွေဟာ အခုလောက် မပျက်စီးဘဲ ထူးခြားတဲ့ ဆင်းတုရုပ်တုတွေ ထပ်မံလို့ တွေ့ရဦးမှာပါ။ အခုတော့ တချို့ထူးခြားတဲ့ ရုပ်တုလေးတွေဆို ခေါင်းပဲတွေ့ရပြီး ကိုယ်ခန္ဓာ ရှာမတွေ့တော့ပါ။ ပြီးသွားတဲ့ကိစ္စဖြစ်လို့ ဘယ်သူ့ကိုမှု အပြစ်မတင်လိုသော်လည်း တခြားနေရာတစ်ခုမှာ အခုလိုအမှားမျိုး ထပ်မဖြစ်အောင် အပြုသဘောနဲ့ တင်ပြရခြင်းဆိုတာကိုတော့ သဘောပေါက်စေချင်ပါတယ်။



အထောက်အထားပါ ဌာပနာအမွေအနှစ် ငွေပေလွှာ

ပထမဆုံး ရေးသားလိုတဲ့ အကြောင်းကတော့ အဲ့ဒီဘုရားက တွေ့လာရတဲ့ ချိတ်ခံငွေဆင်းတုတော်တွေနဲ့အတူ ငွေပေလွှာတွေ တွေ့ရပါတယ်။ ဘုရားစေတီ အပြိုအပျက်တွေမှာ သာမန်အားဖြင့် ပဋ္ဌာန်းနဲ့ ဒေသနာတွေ ရေးခြစ်ထားတဲ့ ငွေပေလွှာတွေ တွေ့ရလေ့ရှိလို့ ချက်ချင်းတော့ စိတ်ဝင်စားမှု မဖြစ်မိပါ။ ဘာကြောင့်လဲဆိုတော့ စေတီတော်တွေမှာ ဌာပနာတိုင်း ဓမ္မပူဇာအနေနဲ့ ငွေပေလွှာကို ထည့်သွင်းဌာပနာလေ့ ရှိလို့ပါပဲ။ ဒါကြောင့် ငွေပေလွှာတွေကို တာဝန်ကျေ မှတ်တမ်းတင်နေရင်းနဲ့ ငွေပြားပေါ်မှာ အလှူရှင်လို့ ယူဆရတဲ့ အမည်သီးသန့် ရေးထားတဲ့ ငွေပြား သုံးချပ်၊ ထိုင်းစာနဲ့ရေးခြစ်ထားတဲ့ အလှူရှင်အမည် ငွေပြားငယ်တစ်ချပ်၊ ထိုင်းစာ သုံးကြောင်းပါ ငွေပေလွှာငယ်တစ်ချပ်နဲ့ တွေ့မြင်နေကြ ပဋ္ဌာန်းနဲ့ ဒေသနာတွေရေးထားတဲ့ ငွေပေလွှာ သုံးချပ်တွေ့ရပါတယ်။ ထိုင်းစာပါတဲ့ ငွေပေလွှာနဲ့ ကမ္ပည်းစာတွေအကြောင်း သီးသန့်ရေးပါဦးမယ်။ အဲ့ဒီအထဲက ငွေပေလွှာတစ်ချပ်ရဲ့ နောက်ကျောဘက်ကို ကြည့်မိတော့မှ စာကြောင်း သုံးကြောင်းပါနေတာကို ထူးထူးခြားခြား တွေ့လိုက်ရပါတယ်။ များသောအားဖြင့် ငွေပေလွှာတွေမှာ ရှေ့မျက်နှာစာကိုပဲ ရေးခြစ်လေ့ရှိပြီး နောက်ကျောဘက်ကို အလွတ်ထားလေ့ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငွေပေလွှာဆိုတဲ့အတိုင်း ငွေကို ပေရွက်လောက်နီးပါး အပြားခတ်ထားပြီး အဲ့ဒီအပေါ်မှာ ကညစ်လို ချွန်ထက်တဲ့ အရာနဲ့ ဖိပြီးရေးရတော့ ကျောဘက်မှာ ဖောင်းနေလို့ နှစ်မျက်နှာလုံး ရေးလေ့မရှိတာပါ။ ရေးခဲ့ရင်လည်း စာတွေကို ဖတ်လို့မရတော့ပါဘူး။ အခုတွေ့ရတဲ့ နောက်ကျောဘက်က လက်ရေးကလည်း ဓမ္မပူဇာအဖြစ် တရားတော်တွေကို ရေးထားတဲ့ လက်ရေးနဲ့ မတူပါ။ တရားစာတွေကို လေ့ကျင့်သားရပြီး ဝိုင်းနေတဲ့ လက်ရေးနဲ့ သေသေချာချာ ရေးလေ့ရှိပါတယ်။ နောက်ပြီး ငွေပေလွှာတို့မှာ တရားတော်အပြင် အခြားသော အကြောင်းအရာတွေကိုလည်း ထည့်သွင်းရေးသားလေ့မရှိပါ။ နောက်ကျောကတော့ လက်ရေးမဝိုင်းဘဲ သာမန်လက်ရေးပုံစံနဲ့ ရေးထားတဲ့ မှတ်တမ်းစာမျိုးပါ။ အဲ့ဒီစာတွေကတော့

**( ၁ ) သက္ကရာဇ် ၁၂၀၄ ခု ပထမဝါဆိုလဆန်း ၇ ရက်တွင် သတ္တဌာနရုပ်တုပါ သိကြား ဗြဟ္မာပါရုပ်တု ၉၈၊ သစ်သားဆင်းတု တစ်ဆူ၊ ကျောက်ဖြူဆင်းတု တစ်။**

**( ၂ ) ငွေဆင်းတုပေါင်း သုံးဆယ်။ ရွှေဆင်းတုတစ် သတ္တဌာနရုပ်ပါ ၄၂ ။ သိကြား ဗြဟ္မာရုပ်တုကို တတိယကြေးဝန်းတွင် အသစ်ထပ်လောင်း၍လှူသည်၊ စာရေး**

**( ၃ ) မင်းနေမျိုးဇေယျနန္ဒမိတ်နှင့် အရပ်လူကြီးတို့ ကြပ်မတ်၍ ဌာပနာသည်။**

အဲ့ဒီတော့မှ ငလျင်ကြောင့် ပြိုကျတဲ့ စေတီတော်ကို ပိုပြီးစိတ်ဝင်စားသွားမိတယ်။ သက်ဆိုင်မယ်ထင်တဲ့ ပုဂ္ဂိုလ်များထံ ဌာပနာတွေ့ရတဲ့ စေတီတော်ရဲ့ မပျက်စီးခင် ဓာတ်ပုံအဟောင်းလေးများ ရှိမလားလို့ မေးကြည့်မိတော့ မရှိပါတဲ့။ ဒီတော့ ပြိုပျက်တဲ့ နေရာဟောင်းကို သွားကြည့်မိတော့ မြေပြင်ပေါ်က ဝင်ပေါက်နဲ့ ပလ္လင်ခုံရဲ့ အုတ်စီအထောက်အထားများအရ လိုဏ်ခံစေတီတော်တစ်ဆူဖြစ်တယ်ဆိုတာ သိရပါတယ်။ စေတီတော်ကတော့ ဘယ်လောက်တောင် ထိခိုက်သွားသလဲမသိ မြေပြင်ညီ လုံးဝရှင်းလင်းပြီးဖြစ်လို့ ပြောင်တလင်းခါနေပါပြီ။ အဲ့ဒီကျောင်းဝင်းထဲမှာ ငလျင်ဒဏ် သိပ်မခံရတဲ့ စေတီနဲ့ ငလျင်ဒဏ် နည်းနည်းပဲခံရပြီး မရှင်းရသေးတဲ့ အခြားစေတီတော် နှစ်ဆူကို တွေ့ရပါတယ်။ နှစ်ဆူလုံးက လိုဏ်ခံစေတီတော်တွေ အတူတူပဲ။ အဲ့ဒီစေတီ နှစ်ဆူရဲ့ အင်္ဂတေပန်းတော့ လက်ရာတွေကို လေ့လာကြည့်လိုက်တော့ အမရပူရခေတ် လက်ရာဟန်တွေကို တွေ့ရပါတယ်။ ဒါကြောင့် ပြိုတဲ့စေတီကလည်း ခေတ်အတူတူပဲ ဖြစ်မယ်လို့ ယူဆရမလို ဖြစ်နေပါတယ်။ ဒါပေမဲ့ ငွေပေလွှာနောက်ကျောကတွေ့ရတဲ့ စာသားအရဆိုရင် မူလစေတီတော်ဟာ အမရပူရခေတ်ထက် စောတယ်လို့ ကောက်ချက်ချနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ငွေပေလွှာနောက်ကျောက လက်ရေးမှတ်တမ်းထဲမှာ အဖိုးတန် ခုနှစ်သက္ကရာဇ်ပါနေလို့ပါပဲ။ အဲ့ဒီစေတီဟာ အကြောင်းတစ်ခုခုကြောင့် ဒုတိယအမရပူရခေတ် သာယာဝတီမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၀၄ ခုနှစ်မှာ ပြန်လည်ပြုပြင်စဉ် ထပ်တိုးဌာပနာ ထည့်သွင်းတဲ့အကြောင်း ရေးထားလို့ပါပဲ။ ဒီတော့ ပြိုသွားခဲ့တဲ့ မူရင်းစေတီတော်ဟာ အမရပူရခေတ်ဦး ဒါမှမဟုတ် အချို့သော ကြေးသွန်းဌာပနာဘုရား ဆင်းတုတော်ရဲ့ လက်ရာဟန်အရ အင်းဝခေတ်နှောင်းပိုင်းလောက်က တည်ခဲ့တဲ့ လိုဏ်ခံစေတီတော်ဖြစ်မယ်လို့ ခန့်မှန်းရပါတယ်။ ယိုယွင်းနေတဲ့ စေတီတော်ကို ပြန်လည်ပြုပြင်တဲ့သူကလည်း ငွေပေလွှာရဲ့ နောက်ကျောကစာအရ စာရေးတော်ကြီး နေမျိုးဇေယျနန္ဒမိတ်ဖြစ် တယ်ဆိုတာ သိလိုက်ရပါတယ်။ အလှူရှင်ဟာ မင်းမှုထမ်းတစ်ဦးဖြစ်တဲ့အတွက် စာရေးမင်းဆိုတဲ့ အသုံးအနှုန်းကိုလည်း သိရှိခွင့်ရလိုက်ပါတယ်။ ဌာပနာတဲ့ နေရာကိုလည်း အတိအကျ ထည့်သွင်းရေးသားထားသလို ရှေးဟောင်းကျမ်း များနဲ့လည်း ကိုက်ညီနေတာကို တွေ့ရပါတယ်။ နောက်ထပ်ပြီး စာအထောက်အထားအရ အမရပူရခေတ်နှောင်းရဲ့ လူမှုရေးအခြေအနေတစ်ရပ်ဖြစ်တဲ့ ယနေ့ခေတ်လိုပဲ ဘုရားစေတီတော်ကို အရပ်လူကြီးတွေ ကြပ်မတ်ပြီး ပြုပြင်ကြတယ်ဆိုတာရယ်၊ ဘုရားဆင်းတုတော်ထက် အခြံအရံသိကြားဗြဟ္မာရုပ်တွေကို များများထည့်တယ်ဆိုတာကိုလည်း ထပ်ပြီး သိလိုက်ရပါတယ်။ ဒါကြောင့် ပျက်စီးနေတဲ့ ရုပ်တုလေးတွေရဲ့ ခန္ဓာကိုယ်မှာ သိကြားနဲ့ဗြဟ္မာ အဝတ်အစားတွေ၊ ကျိုးနေတဲ့ ဦးခေါင်းတွေမှာ မကိုဋ်နဲ့ နားကင်းတွေ တပ်ဆင်လျက်သား တွေ့ရခြင်း ဖြစ်ပါတယ်။ စာထဲမှာ မပါသော်လည်း သိကြားဗြဟ္မာရုပ်တွေနဲ့အရွယ်တူ ဘီလူးဦးခေါင်းနဲ့ နဂါးဦးခေါင်းကိုလည်း တွေ့ရပါသေးတယ်။ ဒါ့အပြင် နောက်တွဲဆံထုံးနဲ့ ပုဆစ်တုပ်ထိုင်နေတဲ့ အမျိုးသမီး ဥပါသိကာမ ရုပ်တုလေးတွေလည်း တွေ့ရပြန်တော့ အခုနောက်ကျောစာထဲ ထည့်ရေးဖို့ မေ့သွားတာလား၊ ဒါမှမဟုတ် စာရေးမင်း နေမျိုးဇေယျနန္ဒမိတ်တို့ ပြန်လည်မပြုပြင်မီ မူလစေတီတော်တည်ကာစ အချိန်မှာ ဌာပနာထည့်ခဲ့တာလား၊ ဒါမှမဟုတ် နောက်ထပ်စေတီတော်တစ်ဆူကလားလို့ အတွေးပွားမိစေပြန်ပါတယ်။ အခက်အခဲက အခုတွေ့ရှိထားတဲ့ ဌာပနာဆင်းတုတော်နဲ့ ရုပ်တုလေးတွေဟာ ကျောင်းဝင်းထဲမှာရှိတဲ့ စေတီတော်နှစ်ဆူထဲက တွေ့ရတာကို ပေါင်းထားတာဖြစ်ပြီး ဘယ်စေတီက ဘယ်ဌာပနာပစ္စည်းတွေပါလို့ ခွဲခြားမထားတော့ ခေတ်ခွဲခြားရတာ မခက်ခဲပေမယ့် ပြိုပျက်သွားတဲ့ စေတီတော်နှစ်ဆူက ခေတ်မတူတဲ့အတွက် သမိုင်းကြောင်းလိုက်ဖို့ ရောထွေးကုန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နောက်ထပ် ငွေပေလွှာအသေးတစ်ခုရဲ့ နောက်ကျောစာတစ်ခုမှာ ' သက္ကရာဇ် ၈၇၆ ခု တော်သလင်းလပြည့် ကျော် ၁၁ ရက် ၃ နေ့(အင်္ဂါနေ့) နံနက် ၃ ချက်တီးကျော် ဆားကုန်သည်--- နိဗ္ဗာန်ဖြစ်သော---' ထပ်ပြီးတွေ့နေရလို့ပါ။ ပြိုပျက်တဲ့ စေတီတော် နှစ်ဆူက ဘုန်းကြီးကျောင်းဝင်းထဲမှာ တည်ရှိနေပြီး ဂေါပကလည်း မရှိတော့ ပိုပြီးခက်ခဲကုန်တာပေါ့။

ရက္ခိတ(ရှေး/သု)

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၃)၊ ဦးပိုင်အမှတ်(၇၂)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးလှဦး အမည်ပေါက် ဂရန်မြေကွက်မှာ ဒေါ်ငွေငွေအောင်မှ ပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ်အမှတ်(၃၈၉၆/၉၉)အရ တရားဝင်ပိုင်ဆိုင်ခဲ့ပြီးနောက် ဒေါ်ငွေငွေအောင်ထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်(၂၃၄၈/၂၀၁၆) အရ ယခုရောင်းချသူမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ပပမောင်(ဘ)ဦးမောင်မောင်(၉/မရမ(နိုင်)၀၀၁၁၈၆)မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးအောင်ကိုလတ် (LL.B)   ဒေါ်ဝါဝါကို (LL.B)   ဦးအောင်ခိုင်ထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၃၈လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉– ၂၀၃၄၄၄၈**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁၀)၊ ဦးပိုင်နံပါတ်(၉၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးစိန်မောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်ဆွေ(ဘ)ဦးထွန်းလှိုင်(၉/မရတ(နိုင်)၀၀၆၇၈၄) [၎င်း၏ကိုယ်စား ဦးသက်နိုင်စိုး(ဘ)ဦးမြင့်ဆွေ (၉/မရတ(နိုင်)၁၂၇၇၉၀)]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉– ၂၅၉၀၄၅၄၈၀**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၁)၊ ဦးပိုင်နံပါတ်(၂၇-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက၊ ပေ(၂၀×၃၀) အကျယ်အဝန်းရှိ ဦးကျင်သောင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၁၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးဝေမျိုးသန့်(ဘ)ဦးဝင်းကြည်(၉/ခမစ(နိုင်)၀၃၉၇၁၈)နှင့် ဒေါ်ဝင်းဆန်း(ဘ)ဦးသောင်းလှ(၅/မမတ(နိုင်)၀၉၅၂၈၇) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉– ၂၅၉၀၄၅၄၈၀**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနမဟီရပ်ကွက်၊ အကွက်အမှတ်(၆၃၉)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ(၀ ဒသမ ၀၄၀၈)ဧက အကျယ်အဝန်းရှိ ဒေါ်နှင်းရီ အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နှင်းရီ(ခ) ဒေါ်နှင်းရည်(ဘ)ဦးတင်အုန်း(၉/မရမ(နိုင်)၀၂၄၂၁၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ အချို့အဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေများထံသို့ဖြစ်စေ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**

**ဒေါ်စာနည်အောင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးသီတာအောင် (LL.M)   ဒေါ်သန်းသန်းဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၆၂(အေ)လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊**

**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ၀၉–၇၉၇၄၇၄၁၁၇၊ ၀၉–၄၂၅၅၅၃၀၃၂**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၁)၊ ဦးပိုင်နံပါတ်(၁၀၇-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၃၁)ဧက အကျယ်အဝန်းရှိ ဒေါ်ကြူကြူ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးကျော်စွာ(ဘ)ဦးလှဝင်း(၅/ဝလန(နိုင်)၁၀၁၇၀၅)နှင့် ဒေါ်ချိုချိုလွင်(ဘ)ဦးမန်းရွှေ(၉/မနတ(နိုင်)၀၉၆၆၆၆)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–   ဦးတင်အောင်မိုး (LL.B, LL.M)   ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ   တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)   ဒေါ်အေးနန္ဒာထွန်း (LL.B)   ဒေါ်မာလာစိုး (LL.B)   ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ   တရားလွှတ်တော်ရှေ့နေ   အထက်တန်းရှေ့နေ   အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉– ၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၇)၊ ဦးပိုင်နံပါတ်(၁၀၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးမင်းအောင်(ခ)ဦးမင်းအောင်မိုးနှင့် ဦးထွန်းထွန်းဦးတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်အုန်း(ဘ)ဦးကျော်မောင်(၇/ရတန(နိုင်)၀၃၄၅၆၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–   ဦးတင်အောင်မိုး (LL.B, LL.M)   ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ   တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)   ဒေါ်အေးနန္ဒာထွန်း (LL.B)   ဒေါ်မာလာစိုး (LL.B)   ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ   တရားလွှတ်တော်ရှေ့နေ   အထက်တန်းရှေ့နေ   အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉– ၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်အတွင်းရှိ ဒေါ်စိန်ရင် အမည်ပေါက် (စ/၅၉၉-က)၊ ပေ(၄၀×၃၀) အကျယ်အဝန်းရှိ လူနေမြေကွက်နှင့် ယင်းမြေပေါ်ရှိ နံကပ် (၂)ထပ်အိမ်၊ ရေနှင့် မီးမီတာ အပါအဝင် ယင်းမြေကွက်ပေါ်ရှိ သဘာဝပေါက်ရောက်သစ်ပင်၊ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသော (၁)ဦးထွန်းရ(ဘ)ဦးကျော်(၁၀/ကထန(နိုင်)၀၀၈၄၁၃)၊ (၂)ဒေါ်သီတာထွန်း(ဘ)ဦးထွန်းရ(၁၀/ကထန(နိုင်)၀၀၈၉၀၃) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေများက အပြီးဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် (၂၃-၈-၂၀၂၅) ရက်က ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စရပ်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးဒီကရီမူရင်းများနှင့်တကွ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ ဤသတင်းစာကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်ခဲ့သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဆုမွန်သန်း (LL.B)   ဒေါ်သရဖီဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**လမ်း၆၀(ဒီ)၊ ၁၁၅လမ်းနှင့် ၁၁၅(အေ)လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၉၆၅၅၁၄၆၃၉၊ ၀၉–၇၉၆၄၅၄၂၆၃**

❖ နိုင်ငံတော်၏စီးပွားရေးသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး၊ စိုက်ပျိုးရေးစွမ်းအား၊ ကုန်ထုတ်စွမ်းအားနှင့် ကုန်သွယ်မှုကူးသန်းရောင်းဝယ်မှုများ တိုးတက်ကောင်းမွန်စေရေး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများအား သက်ဆိုင်ရာအစိုးရများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ဟန်ချက်ညီညီဖြင့် ဆက်လက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၀ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဒုတိယနေ့သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

**၂၉ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၉၁၀၀၀၀ ဖြစ်သည်။ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## Myanmar Cyber Security Challenge 2025 (အလွတ်တန်းအဆင့်) ပြိုင်ပွဲ၊ ဆိုက်ဘာလုံခြုံရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၅ (တက္ကသိုလ်အဆင့်) ဆုပေးပွဲနှင့် PUBG Mobile World Cup တွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ




နေပြည်တော် ဩဂုတ် ၂၉

Myanmar Cyber Security Challenge 2025 (အလွတ်တန်းအဆင့်) ပြိုင်ပွဲ၊ ဆိုက်ဘာလုံခြုံရေးအသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၅ (တက္ကသိုလ်အဆင့်) ဆုပေးပွဲနှင့် ဆော်ဒီအာရေဗျနိုင်ငံ ရီးယာ့ဒ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် Player Unknown's Battlegrounds (PUBG) Mobile World Cup တွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရုံးအမှတ် (၂)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက Myanmar Cyber Security Challenge ပြိုင်ပွဲများကို မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပပေးခဲ့ကြောင်း၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာပြိုင်ပွဲများ ကျင်းပပေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူငယ်များအကြားတွင် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာ ပြန့်ပွားစေရန်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ တိုးတက်လာစေရန်ဖြစ်ကြောင်း၊ ပြိုင်ပွဲများမှ ဆုရရှိသူများကို ဒေသတွင်းနှင့် နိုင်ငံတကာ ဆိုက်ဘာလုံခြုံရေးပြိုင်ပွဲများသို့ နှစ်စဉ်စေလွှတ် ယှဉ်ပြိုင်စေခဲ့ကြောင်း၊ ပြိုင်ပွဲမှ ရရှိလာသည့် အတွေ့အကြုံများကို အသုံးချပြီး ပြင်ပတွင် ကြုံတွေ့နေရသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်ရန် အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆိုက်ဘာလုံခြုံရေးအသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၅ (တက္ကသိုလ်အဆင့်)တွင် ပထမဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ မောင်ပြည့်ငြိမ်းအောင်၊ ဒုတိယဆုရရှိသော ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်မှ မောင်မြတ်မင်းခန့်၊ တတိယဆုရရှိသော ရန်ကုန်နည်းပညာတက္ကသိုလ်မှ မချောသီရိခိုင်၊ နှစ်သိမ့်ဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)မှ မောင်ကောင်းခန့်တင်ကျော်၊ မောင်စိုင်းအိုက်လှိုင်းပန်တို့နှင့် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆိုက်ဘာလုံခြုံရေးအသိပညာပေးဗီဒီယိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဗီဒီယိုဖိုင်ကို Cyber Security Bruneiက တာဝန်ယူဆောင်ရွက်သော ASEAN-JAPAN Cyber Security Awareness Video Competition 2025 တွင် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ဆော်ဒီအာရေဗျနိုင်ငံ ရီးယာ့ဒ်မြို့၌ ကျင်းပခဲ့သည့် PUBG Mobile World Cup တွင် ကမ္ဘာ့ချန်ပီယံ ရွှေတံဆိပ်ဆုရရှိခဲ့သော မြန်မာနိုင်ငံမှ Yangon Galacticos အသင်းအား နိုင်ငံတော်ကချီးမြှင့်သည့် အမေရိကန်ဒေါ်လာ ၃၀၀၀၀ နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူနှင့် အသင်းဝင်များက လက်ခံရယူကြသည်။

ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် အသင်းအုပ်ချုပ်သူများ တက်ရောက်ကြပြီး Myanmar Cyber Security Challenge 2025 (အလွတ်တန်းအဆင့်) ပြိုင်ပွဲဝင်များအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

Myanmar Cyber Security Challenge 2025 ပြိုင်ပွဲသို့ တပ်မတော် နည်းပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (မန္တလေး)၊ သတင်းအချက်အလက်နည်းပညာ တက္ကသိုလ်နှင့် Naypyitaw State Academy တို့မှ အသင်း ၂၅ သင်း၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ Chit_Lu_Mikes အသင်းက ပထမ၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ Cr4ckM3_DD အသင်းက ဒုတိယနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ F0cu8 အသင်းက တတိယရရှိခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## FIFA/MFF Regional Training Center ဒေသအလိုက် လေ့ကျင့်ရေးစင်တာဖွင့်လှစ်ရန် အသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီးကစားသမား ရွေးချယ်ပွဲများ ကျင်းပမည်




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF)သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်း၍ ရွက်ပုန်းသီး မျိုးဆက်သစ်များ ပေါ်ထွက်လာရေးအတွက် နယ်ဒေသများတွင် လေ့ကျင့်ရေးစင်တာများ ဖွင့်လှစ်ကာ ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည် ဖြစ်သည်။

Regional Training Center ဒေသအလိုက် လေ့ကျင့်ရေးစင်တာများကို မော်လမြိုင်၊ နေပြည်တော်၊ ကချင်၊ မန္တလေး၊ တောင်ကြီးနှင့် ဧရာဝတီတို့တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီးကစားသမားများကို လူရွေးချယ်ပွဲများ ပြုလုပ်ကာ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

မော်လမြိုင်မြို့ ပြည်နယ်အားကစားကွင်းတွင် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ လည်းကောင်း၊ နေပြည်တော်တွင် စက်တင်ဘာ ၂ ရက်မှ ၃ ရက်အထိ လည်းကောင်း၊ မန္တလေးတွင် စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ လည်းကောင်း၊ တောင်ကြီးတွင် စက်တင်ဘာ ၈ ရက်မှ ၉ ရက်အထိ လည်းကောင်း၊ ကချင်ပြည်နယ် အားကစားကွင်းတွင် စက်တင်ဘာ ၈ရက်မှ ၉ရက်အထိ လည်းကောင်း၊ ဧရာဝတီတွင် စက်တင်ဘာ ၁၃ရက် မှ ၁၄ ရက်အထိ လည်းကောင်း အသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ကစားသမားရွေးချယ်ပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။ (NGB)